ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝင်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday 12 November 2019 ၉၈၃၁

# ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးရှိ အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်ဒါယကာ၊ ဒါယိကာမများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ကြေးမုံ ယနေ့ ဖတ်စရာ

မန္တလေးမြို့တွင် ကျင်းပသည့် ရွှေဝတီစာပေပွဲတော် တတိယနေ့တွင် စာပေဆိုင်ရာ ဆွေးနွေးမေးမြန်းသူ၊ စာအုပ်ဝယ်ယူသူများဖြင့် အထူးစည်ကား
စာမျက်နှာ » ၁၃

ဂျပန်မှ ပေးစာများ - ၂
စာမျက်နှာ » ၁၅



၂၀၁၉ ခုနှစ် နိုဘယ်ဆုရစီးပွားရေးပညာရှင်တွေ ဖော်ထုတ်ခဲ့သော ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနည်းလမ်းသစ်အကြောင်း (အပိုင်း-၂)
စာမျက်နှာ » ၂၉



ကြေးမုံ

## မြေအရင်းအမြစ်စီမံခန့်ခွဲ ပူနွေးမှုလျှော့ချ

နေ့လယ်နေပူချိန်တွင် လေအေးပေးစက်မဖွင့်ဘဲ အလုံပိတ်ထားသည့်အခန်းအတွင်း၌ အခန်းအပူချိန်မှာ မြင့်မားနေမည်ဖြစ်သည်။ အခန်းအတွင်းသို့ ဝင်လာသောအပူများ အပြင်သို့ပြန်မထွက်နိုင်သောကြောင့် ဖြစ်သည်။ ဤသဘောတရားသည် ယနေ့ကမ္ဘာကြီး၌ အပူချိန်မြင့်မားနေသည့်သဘောနှင့် အလားသဏ္ဍာန်တူသည်။ ဖန်လုံအိမ်ဓာတ်ငွေ့အာနိသင်များ လေထုထဲ တစ်စတစ်စများပြားလာခြင်းသည် အလုံပိတ်အခန်းနှင့်တူသည်။

ဖန်လုံအိမ်ဓာတ်ငွေ့သည် ကမ္ဘာမြေသို့ကျရောက်လာသော နေရောင်ခြည်အချို့အား လေဟာပြင်သို့ ပြန်ထွက်မသွားအောင် ဟန့်တားနိုင်သည်။ အကျိုးဆက်မှာ မြေထု၊ လေထု၊ ရေထုကြီးများ ပိုမိုပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည်။ ကျွန်ုပ်တို့ကမ္ဘာကြီးအား ဝိုင်းပတ်လွှမ်းခြုံထားသောလေထုသည် နေမှရသည့်အလင်းရောင်နှင့် နေရောင်ခြည်ကို ကမ္ဘာမြေသို့ သက်ဆင်းရာ၌ ၃၀ ရာခိုင်နှုန်းကို လေထုအတွင်း ထိန်းသိမ်းထားပြီး အချို့ကို ကမ္ဘာအပြင်သို့ပြန်ထုတ်ကာ မျှခြေဖြစ်အောင်ထိန်းညှိပြီး ကမ္ဘာမြေပြင်အား အနွေးဓာတ်နှင့် အပူဓာတ်များ ပေးသည်။

ထို့ကြောင့် သက်ရှိလူ၊ သတ္တဝါ၊ အပင်များ အသက်ရှင်သန်နိုင်အောင် အပူချိန်ကို မျှခြေထိန်းညှိထားသည့် ဖန်လုံအိမ်ကမ္ဘာကြီးဖြစ်သည်။ ကမ္ဘာကြီးကိုပူနွေးစေသည့် အဓိကဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ မီသိန်းနှင့် နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့များဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်များမှ ထုတ်လွှတ်သောဓာတ်ငွေ့ဖြစ်ပြီး မီသိန်းဓာတ်ငွေ့သည် ကာဗွန်ဒိုင်အောက်ဆိုက်ထက်ဆိုးသော သဘာဝဓာတ်ငွေ့ဖြစ်သည်။ နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့သည် လူ၊ တိရစ္ဆာန်၊ အပင်များနှင့်ပတ်သက်၍ ပေါ်ထွက်လာသောဓာတ်ငွေ့ဖြစ်သည်။

၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်ကာလအတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေအသုံးချမှုပြောင်းလဲခြင်းကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုစုစုပေါင်း၏ ၂၃ ရာခိုင်နှုန်း ထုတ်လွှတ်ခဲ့ကြောင်း ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ IPCC အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကျွန်ုပ်တို့ကမ္ဘာကြီး၌ ရာသီဥတုပူနွေးလာခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ များပြားလာခြင်းကြောင့်ဟု အများစုနားလည်ထားသော်လည်း ယခုအခါ ရာသီဥတုပြောင်းလဲမှုတွင် မြေသယံဇာတအရင်းအမြစ်များကို ပြုပြင်လုပ်ကိုင်မှုကြောင့်လည်း ပျက်ယွင်းမှုများဖြစ်လာရသည်ကို သိရှိလာကြသည်။

အမျိုးသားမြေအသုံးချမှုကောင်စီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတက မြေယာစီမံခန့်ခွဲမှုစနစ်များနှင့်ပတ်သက်၍ ယနေ့ဖြစ်ပေါ်နေသည့် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို ပြောကြားခဲ့သည်။ မြေသယံဇာတအရင်းအမြစ်များသည် လူသားများအတွက် စားနပ်ရိက္ခာ၊ သန့်ရှင်းသောရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် အခြားဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသော်လည်း ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်နိုင်သည့် အရင်းအမြစ်များဖြစ်ပေါ်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲလုပ်ကိုင်ကြရန်လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်နေသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် အများစုတွင် မြေယာစီမံခန့်ခွဲမှုနှင့်ဆက်နွှယ်နေပြီး ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်၍ ရေရှည်တည်တံ့စေရန်အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရများဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးမှု၊ ယိုယွင်းပျက်စီးမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးမှုရပ်တန့်စေရေးလုပ်ငန်းများသည် မြေယာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်နေကြောင်း ပေါ်လွင်နေသည်။

သို့ဖြစ်ရာ ကမ္ဘာကြီးပူနွေးစေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဖြစ်စဉ်များတွင် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန် အရေးတကြီးလိုအပ်နေသည်ဖြစ်၍ ထိုအရေးကို မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပါအတိုင်း ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအတွင်း ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

အသက်မွေးပညာသင်တန်းကျောင်းများအနေဖြင့် မိမိတို့သင်တန်းသားတစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်တတ်မြောက်မှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ပေးနိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည်။



သင်တန်းကျောင်း ရှင်းလင်းဆောင်တွင် သင်တန်းကျောင်းအုပ်ကြီး ဒေါ်ကြည်ကြည်က ဘဏ္ဍာနှစ်အလိုက် အသက်မွေးပညာ သင်တန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ သင်တန်းကျောင်းများသည် လူ့စွမ်းအားအရင်းအမြစ်ကို တန်ဖိုးရှိစွာ အသုံးချနိုင်ရေး လေ့ကျင့်ဖော်ထုတ်ပေးသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် နည်းပညာများ ပို့ချပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ မိမိတို့ရိုးရာယဉ်ကျေးမှုဖြစ်သည့် မိရိုးဖလာလက်မှုပညာ ထိန်းသိမ်းနိုင်မှုနှင့်အတူ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် လက်မှုပညာ၏ အားသာချက်များအပေါ် အသုံးချပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေး၊ တန်ဖိုးမြင့် လက်မှုပညာထုတ်ကုန်အဖြစ် ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေးတို့အတွက် နည်းပညာအဆင့်မြှင့်တင်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းဆင်း သင်တန်းသူ သင်တန်းသားများ၏ လက်တွေ့လေ့ကျင့်ထုတ်လုပ်ထားသော ချည်ထည်၊ ယွန်းထည်နှင့် လက်မှုပညာထုတ်ကုန်ပစ္စည်းများ၊ သင်တန်းသူ သင်တန်းသားများ၏ ရက်ကန်းလုပ်ငန်း လက်တွေ့လုပ်ကိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လက်မှုပညာအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများမှ သင်တန်းများခေါ်ယူပို့ချပေးလျက်ရှိသည့်နည်းတူ ဒေသအရောက်နည်းပညာပေး သင်တန်းများကိုလည်း ဆက်စပ်ဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အောက်ရှိ ယွန်းပညာကောလိပ် တစ်ကျောင်းနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ၁၃ ကျောင်းတို့မှ လက်တွေ့လုပ်ကိုင် အသက်မွေးနိုင်သည့် နည်းပညာများကို ပို့ချပေးလျက်ရှိသည်။

ပခုက္ကူရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဝါးလက်မှုထည်သင်တန်း၊ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးသင်တန်းစသည့် နည်းပညာသင်တန်းများကို သင်တန်း(၁၁)ကြိမ်ဖြင့် သင်တန်းသား သင်တန်းသူ ၂၂၈ ဦးတို့အား သင်ကြားပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် အဆိုပါသင်တန်းကျောင်းများတွင် တက်ရောက်လေ့လာသင်ယူလိုသူ သင်တန်းသားများအား သတင်းစာများမှ ခေါ်ယူပေးခြင်း၊ သင်တန်းသားတစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးခြင်း၊ သင်တန်းကာလအတွင်း နေထိုင်ရန် အဆောင်စရိတ် အခမဲ့နေထိုင်ခွင့်တို့ကို စီစဉ်ဆောင်ရွက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အသက်မွေးဝမ်းကျောင်း တတ်မြောက်မှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ပေးနိုင်ရေးတို့အတွက် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် မြဝတီမြို့ရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် နိုဝင်ဘာ ၁၁ ရက်က ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့်အတူ ကရင်ပြည်နယ် မြဝတီမြို့ရှိ ရေနံဓာတ်ငွေ့ရည် (LPG) ကို တင်သွင်း/ သိုလှောင်/ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ပုဂ္ဂလိကပြည်တွင်းကုမ္ပဏီများ၏ ရေနံ ဓာတ်ငွေ့ရည်အရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေးရာတွင် ကုမ္ပဏီတာဝန်ရှိသူများနှင့် အရောင်းဆိုင်တာဝန်ခံများက ရေနံဓာတ်ငွေ့ရည် (LPG) တင်သွင်း/ သိုလှောင်/ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ရေနံဓာတ်ငွေ့ရည် (LPG) ဖြန့်ဖြူးရောင်းချသူများအနေဖြင့် သုံးစွဲသူပြည်သူများ လုံခြုံစိတ်ချစွာ ကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အရည်အသွေး အခြင်အတွယ် မှန်ကန်ရေးနှင့် ရေနံဓာတ်ငွေ့ရည် (LPG) ကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တင်သွင်း/သိုလှောင်/ဖြန့်ဖြူးရောင်းချရန်လိုအပ်ကြောင်း မှာကြားပြီး ရေနံဓာတ်ငွေ့ရည် (LPG) အရောင်းဆိုင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ကရင်ပြည်နယ် မြဝတီနယ်စပ်ရှိ ရေနံဓာတ်ငွေ့ရည် (LPG) လုပ်ငန်းရှင်များအသင်းသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းသို့ တစ်လလျှင် ရေနံဓာတ်ငွေ့ရည် (LPG) တန် ၂၀၀၀ ခန့် ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိသည်။ နိုင်ငံအတွင်း ရေနံဓာတ်ငွေ့ရည် (LPG) ကို ကျယ်ပြန့်စွာသုံးစွဲခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ထင်း၊ မီးသွေးနေရာတွင်လည်း အစားထိုးသုံးစွဲနိုင်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကိုလည်း လျှော့ချစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

❂ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ထာဝရငြိမ်းချမ်းရေးစေတီတော် သာသနဒ္ဓဇဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က အထက်ဌာပနာတော်အတွင်း သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဌာပနာတော်များအား ကြည်ညိုကြသည်။

**ကိုးပါးသီလခံယူဆောက်တည်**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမျိုးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက စေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့်ဗုဒ္ဓရုပ်ပွားတော်များ၊ ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ အမှတ်တရ မုဒိတာစကားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အမျိုးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**စာမျက်နှာ ၄ သို့** ❖



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေတို့ ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်အတွင်း သွင်းလှူပူဇော်မည့် ဌာပနာတော်များအား ကြည်ညိုကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထာဝရငြိမ်းချမ်းရေးစေတီတော် သာသနဒ္ဓဇဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်စဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ထာဝရငြိမ်းချမ်းရေးစေတီတော်အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဌာပနာတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ထာဝရငြိမ်းချမ်းရေးစေတီတော်အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဌာပနာတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ထာဝရငြိမ်းချမ်းရေးစေတီတော်အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့် ဌာပနာတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ ထာဝရငြိမ်းချမ်းရေးစေတီတော်အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့် ဌာပနာတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

❖ စာမျက်နှာ ၃ မှ

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက စေတီတော်တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် တက်လမ်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ စေပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်ဝိတ်၊ ဗိသုကာအင်ဂျင်နီယာပညာရှင် ဒေါက်တာတိုးတိုးဝင်း၊ MORE C.N.C ကုမ္ပဏီဥက္ကဋ္ဌ ဦးမိုးဦးနှင့် စံထိပ်တန်းကုမ္ပဏီမှ မြန်မာမှုပညာရှင်ဦးကြည်စိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

## လှည့်လည်ပူဇော်

ယင်းနောက် အထက်ဌာပနာတော်သွင်းလှူပူဇော်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယသမ္မတနှင့်ဇနီးတို့ အမှူးပြုသော ဧည့်ပရိသတ်များက ဒေဝါဝင်း၊ ရာဇာဝင်းများနှင့်အတူ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ စိန်ပန်းခိုင်နှင့် ဌာပနာတော်များကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဥပါသကာများက ဌာပနာတော်များကို အထက်ဌာပနာတော်တိုက်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ရွှေပါရမီတောရဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက ဌာပနာတော်တိုက်များအတွင်းသို့ ဌာပနာတော်များကို သွင်းလှူပူဇော်ကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ၏ ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ၏ ဇနီးနှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ စိန်ပန်းခိုင်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပေးကြသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်တွင် သွင်းလှူပူဇော်မည့် ဌာပနာတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် ရွှေပါရမီတောရဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရွှေထီးတော်ဘုံဆင့်များ၊ ဆပ်သွားဖူးတော်၊ စိန်ပန်းခိုင်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြပြီး ပရိတ်နံ့သာရည်၊ တရော်ကင်ပွန်းရည်၊ ရေစင်ရေသန့်များဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်းပူဇော်ကြသည်။

## တင်လှူပူဇော်

ထို့အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက အရံစေတီတော်များအား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဥပါသကာများက ဆရာတော်၊ သံဃာတော်များအား တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကို ဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များက ထာဝရငြိမ်းချမ်းရေးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အမှူးပြုသည့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနမဟာဇေဂ္ဂထာဝရငြိမ်းချမ်းရေး သာသနဝ္ဘတံခွန်တိုင်တော် ရွှေထီးတော်တင်လှူခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေပါရမီတောရဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သာသနဝ္ဘတံခွန်တိုင်တော်အထွတ်၌ ရွှေထီးတော်တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သာသနမဟာဇေဂ္ဂသာသနဝ္ဘတံခွန်တိုင်တော် ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ရွှေခေါင်းလောင်းတော်တို့ကိုလည်းကောင်း၊ ဒုတိယသမ္မတနှင့် ဇနီးတို့က ရွှေမောင်းတော်ကို လည်းကောင်း ကိုးချက်စီ တီးခတ်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြသည်။ **သတင်းစဉ်**



နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ရတနာစိန်ဖူးတော်ကို ပင့်ဆောင်၍ ထာဝရငြိမ်းချမ်းရေးစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငှက်မြတ်နားတော်ကို ပင့်ဆောင်၍ ထာဝရငြိမ်းချမ်းရေးစေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရတနာစိန်ဖူးတော်ကို ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆပ်သွားဖူးတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်နှင့် စိန်ပန်းခိုင်တို့ကို မင်္ဂလာရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပေးကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ ငှက်မြတ်နားတော်ကို ပင့်ဆောင်၍ ထာဝရငြိမ်းချမ်းရေးစေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သာသနမဟာဇေဂ္ဂသာသနာ့ တံခွန်တိုင်တော်ကမ္ပည်း ကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ချိုချို ဆပ်သွားဖူးတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း ပူဇော်စဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များ ဌာပနာတော်များကို ပင့်ဆောင်၍ ထာဝရငြိမ်းချမ်းရေးစေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။



ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်ထားသည့် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ဖူးတွေ့ရစဉ်။



ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဥာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပစဉ်။





ဆရာတော်၊ သံဃာတော်များက ထာဝရငြိမ်းချမ်းရေးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ရွှေခေါင်းလောင်းတော်ကို ကိုးချက်တီးခတ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေခေါင်းလောင်းတော်ကို ကိုးချက်တီးခတ်စဉ်။



ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်ထားသည့် ရတနာစိန်ဖူးတော်ကို အနီးကပ်ဖူးတွေ့ရစဉ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။




ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေတို့ ဌာပနာတော်တိုက်အတွင်း ဌာပနာတော်များ သွင်းလှူပူဇော်ကြစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဌာပနာတော်တိုက်အတွင်း ဌာပနာတော်များ သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တက်လမ်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့်ဇနီးတို့က စေတီတော်တွင် တင်လှူပူဇော်မည့် ဌာပနာတော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စေတီတော်တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် တက်လမ်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးရှိန်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စေတီတော်တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် စေပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမောင်ဝိတ်အား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စေတီတော်တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဗိသုကာအင်ဂျင်နီယာပညာရှင် ဒေါက်တာ တိုးတိုးဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စေတီတော်တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် MORE C.N.C ကုမ္ပဏီ ဥက္ကဋ္ဌ ဦးမိုးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စေတီတော် တည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် စံထိပ်တန်းကုမ္ပဏီမှ မြန်မာမှုပညာရှင် ဦးကြည်စိုးအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်စဉ်။

# တန်ဆောင်မုန်းလပြည့်နေ့၌ နေပြည်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**နေပြည်တော် နိုဝင်ဘာ ၁၁**

ယနေ့ ကျရောက်သည့် ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့အခါသမယတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ကပ်လှူပူဇော်**

နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၁)ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားနှင့် အကြိမ် (၁၂၀) မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါ စေတီတော်လိုဏ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးမြင့်နှင့် တာဝန်ရှိသူများက စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာ ကျောက်စိမ်းရုပ်ပွားဆင်းတုတော်များအား တန်ဆောင်တိုင် ရွှေကြာသင်္ကန်းနှင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် စာချနာယက သာသနဓဇ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသထံမှ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် စာချနာယက သာသနဓဇ ဓမ္မာစရိယ ဆရာတော်ထံမှ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။



နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိစဉ်။



လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

**ဆီမီး ၉၀၀၀ ပူဇော်**

ညနေပိုင်းတွင် စေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ကောင်စီနယ်မြေရှိ ဝတ်အသင်းများက ဝတ်ရွတ်ပူဇော်ကြပြီး စေတီတော်ရင်ပြင်တွင် ဘုရားရှင်အား ရည်မှန်း၍ ဆီမီး ၉၀၀၀ ပူဇော်ကြရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သံဝေဇနီယ လေးဌာန၊ သကျရုံသီရပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ ရန်အောင်မြင်စေတီတော်၊ ဖောင်တော်ချက်မဘုရားနှင့် အခြားဘုရား၊ စေတီ၊ ပုထိုးများတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘုရားဖူးပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ မိသားစုဖြင့်သော်လည်းကောင်း၊ သူငယ်ချင်းများဖြင့်သော်လည်းကောင်း လာရောက်ကြသည့် ဘုရားဖူးသူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**ကုသိုလ်ယူကြသူများဖြင့် စည်ကား**

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိုင်းရင်းသားကျေးရွာ၊ ရေပူစမ်းတို့တွင်လည်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ညပိုင်းတွင်လည်း ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားရှင်အားရည်မှန်း၍ ဆီမီးပူဇော် ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**



နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၏ (၁၁) ကြိမ်မြောက် နိဗ္ဗာန်စျေးပွဲတော်ကို ဝန်ကြီးရုံးဝင်းအတွင်းပြုလုပ်ရာ ငွေသား၊ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို စုပေါင်းပါဝင်လှူဒါန်းကြပြီး ဝန်ထမ်းများ၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများနှင့် အနီးဝန်းကျင်မှ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

သတင်းစဉ်

## ပန်းစေတီတော်မြတ်နှင့်ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် သီပေါ-ဒုဋ္ဌဝတီမြစ်အတွင်း ရေမျှောပူဇော်ပွဲ ကျင်းပ

**သီပေါ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ဈေးရပ်ကွက်မှ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဟော်ဂနီလမ်း (ယခင်ပွန်ထွန်းတံတား) ဒုဋ္ဌဝတီမြစ်ကမ်းနဖူးယာယီစံကျောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ပန်းစေတီတော်မြတ်နှင့်ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်တို့အား တန်ဆောင်မုန်းလဆန်း ၉ ရက်မှ ယနေ့ညအထိ ၇ ရက်တိုင် ဗုဒ္ဓါဘိသေကအနေကဇာမင်္ဂလာဆင်ယင်ကျင်းပပြီး အပူဇော်ခံလျက်ရှိသည်။

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့တွင် ပန်းစေတီတော်မြတ်နှင့်ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်တို့အား ဆီမီးငါးထောင်ထွန်းညှိပူဇော်ပြီး ဒုဋ္ဌဝတီမြစ်ကြောင်းအတိုင်း ရေမျှောပူဇော်ကြသည်။

ထို့အပြင် သီပေါပေါ်ကြိုဘုရားကြီး၊ မဟာမြတ်မုနိဘုရားကြီး၊ မဟာသာသနာ့ဗိမာန်တော်၊ မြို့လယ်ဓမ္မာရုံဘုရား၊ လွယ်မုဝ်တောင်ဘုရားနှင့် သီလရှင်စာသင်တိုက်များ၌လည်း ဆီမီးငါးထောင်၊ ပန်းငါးထောင်တို့ဖြင့် ထွန်းညှိကပ်လှူပူဇော်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**✻ ကျောဖုံးမှ**

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပြီး စေတီတော်ဩဝါဒါစရိယဆရာတော်များနှင့် သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ နံနက်အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကိုးပါးသီလခံယူဆောက်တည်**

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်၏ ၂၂ ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဆုပေးပွဲကို ယမန်နေ့ညပိုင်းတွင် ကျင်းပခဲ့ကာ ပြိုင်ပွဲတွင် ဆုရရှိကြသည့် စင်တော်များအား ဂေါပကအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး ယနေ့လပြည့်နေ့ နံနက်ပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းများကို စေတီတော်ရင်ပြင်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခမ်းအနားကို ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ဆက်လက် ကျင်းပကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၃၇) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၄ နာရီခွဲတွင် စေတီတော်ရာဟုထောင့်ရှိ ဆိပ်ကမ်းဓမ္မာရုံ၌ ကျင်းပပြီး ညပိုင်းတွင် စေတီတော်အား ဆီမီး ၂၇၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

**ရွတ်ဖတ်ပူဇော်**

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ရင်ပြင်အရှေ့ဘက်ရှိ ဘုရားသုံးဆူ အာရုံခံတန်ဆောင်း၌ နံနက်အရုဏ်တက်တွင် စေတီတော်မြတ်ကြီးအား သစ်သီးဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး နံနက် ၆ နာရီခွဲတွင် အောင်ဓမ္မာရုံ၌ ဂေါပကအဖွဲ့က ကြီးမှူးပြီး သာမလဖလအခါတော်နေ့အခမ်းအနားကို ကျင်းပရာ ဝတ်အသင်းအဖွဲ့ ခုနစ်ဖွဲ့က ရဟန်းပြုခြင်းအကျိုးနှင့် ပတ်သက်သည့် သာမညဖလအခါတော်နေ့ သုတ္တန်ဝတ်ရွတ်စဉ်များကို ရွတ်ဖတ်ပူဇော်ကြသည်။

နံနက် ၁၀ နာရီခွဲတွင် အောင်ဓမ္မာရုံ၌ ဖြူးကျောင်းဆရာတော်က သီလပေးတရားချီးမြှင့်ပြီး ညပိုင်းတွင် စေတီတော်ကြီးအား ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၌ မော်တော်ယာဉ်များ၊ ဆိုက်ကားများဖြင့် ဘုံကထိန်များလှည့်လည်ခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်း၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ညပိုင်းတွင် ဘုရားများ၊ ရုံးများ၊ အိမ်များ၊ လမ်းများ၌ ဆီမီးများ၊ လျှပ်စစ်မီးများ ထွန်းညှိပူဇော်ကြခြင်းစသည့် ကုသိုလ်ကောင်းမှုဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည့် မြန်မာတို့၏ ချစ်စရာဓလေ့ကို ယနေ့တန်ဆောင်မုန်းလပြည့်နေ့တွင် ကြည်နူးဖွယ် တွေ့ရသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား





**မန္တလေး နိုဝင်ဘာ ၁၁**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမြို့မြို့အနယ်နယ်တို့မှ ဘုရား၊ ပုထိုး၊ စေတီတော်များ၊ ဓမ္မာရုံများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မသိုးသင်္ကန်းနှင့် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲများ၊ ကထိန်သင်္ကန်း ကပ်လှူကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိကြရာ ဈေးသူဈေးသားများ၊ ပညာရေးကျောင်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက မိသားစုအလိုက် ကထိန်ပွဲတော်များကို မဲကျရာကျောင်းများသို့ သွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းကုသိုလ်ပြုကြခြင်းများနှင့် စတုဒိသာကျွေးမွေးကုသိုလ်ပြုကြသူများဖြင့် မန္တလေးမြို့တစ်ခွင်တွင် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။

**အထူးစည်ကား**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ယနေ့နံနက် ၄ နာရီက ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ပန်းများ ဆက်ကပ်ပူဇော်ခြင်း၊ ဗုဒ္ဓဘာသာဝင် သူတော်စင်ရဟန်းရှင်လူ ပြည်သူများက မဟာမုနိရုပ်ရှင်တော်မြတ်အား ဆွမ်း၊ ရေချမ်း ပန်းကပ်ပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားဘာဝနာအားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဆက်လက်၍ နံနက် ၅ နာရီတွင် မဟာမုနိဂေါပကအဖွဲ့က ကြီးမှူး၍ ဗုဒ္ဓဘုရားရှင်တော်မြတ်လက်ထက် ဘိက္ခုနီ မိထွေးတော်ဂေါတမီအား အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ် ကာလဒါနကို ထုတ်ဖော်ခြင်း၊ ကျေးလက်အနုပညာကို ပြသဖော်ထုတ်ခြင်း စသည့် ရည်ရွယ်ချက်တို့ဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အကြိမ် (၃၀) မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ဘုရားဖူးလာပြည်သူများနှင့် အလှူရှင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် အကြိမ် (၃၀) မြောက်ပူဇော်မည့် တဘက်တော်နှင့် မသိုးသင်္ကန်းတော်မြတ်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များအား စက်ချုပ်အဖွဲ့နှင့် တဘက်ပညာရှင်များက ပေးအပ်ကြသည်။

**လွှမ်းခြုံပူဇော်**

ထို့နောက် ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌနှင့် အရှင်သူမြတ်အမှူးပြု၍ တိုင်းဒေသကြီးတာဝန်ရှိသူများက မဟာမုနိရုပ်ရှင်တော်မြတ်အား မသိုးသင်္ကန်းတော်ကို လွှမ်းခြုံပူဇော်ကန်တော့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က မသိုးမြတ်သင်္ကန်းတော်ကို နေ့ချင်းပြီးလုပ်အားဒါနပြု ရက်လုပ်ခဲ့ကြသော ရေကြည်ပေါက်၊ အုန်းတော၊ အင်းလေးဒေသ ရက်ကန်းပညာရှင်များအဖွဲ့၊ ကိုးလုံးတကာစက်ချုပ်ပညာရှင်များ၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရှင်မာလဲဘုရား၏ ကြာပန်းပစ်ပွဲတော်ကို အဖိတ်နေ့မှစ၍ မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲနှင့် တစ်ပြိုင်တည်းကျင်းပခဲ့ပြီး လပြည့်နေ့အရုဏ်ဦးအချိန်၌ ပင့်သံဃာတော်များအား ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခြင်းများနှင့် ဘုရားဆွမ်းတော်ကြီး ပေးပို့ကြသော ဓမ္မမိတ်ဆွေသင်္ဂဟများကို နှစ်စဉ်အလှူရှင်မိသားစုတို့က ထမင်းဟင်းများ၊ အချိုပွဲ၊ အအေးတို့ဖြင့် ဧည့်ခံကျွေးမွေး၍ ဘုရားဖူးလာပြည်သူများအား တေးဂီတအဖွဲ့မှ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် (စတုတ္ထ) အကြိမ်မြောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကထိန်တော်ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို မဟာအတုလဝေယန်အတုမရှိကျောင်းတော်ကြီး၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

တန်ဆောင်မုန်းလပြည့်ညပိုင်းတွင် မန္တလေးတောင်ဆုတောင်းပြည့်ဘုရား၊ မဟာလောကရန်နိုင် အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင့်ဘုရား၊ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ချမ်းသာရဘုရား၊ စွယ်တော်မြတ်စေတီတော် (မန္တလေး)၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ တန်ခိုးကြီးဘုရားစေတီတော်တို့တွင် ရွှေသင်္ကန်းများ၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းတော်များ ဆက်ကပ်လှူဒါန်း၍ ဆီမီး (၉၀၀၀)ပူဇော်ခြင်းများ၊ တရားဘာဝနာအားထုတ်ကြသူများ၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့်အသင်းအဖွဲ့များ၊ အလှူရှင်များက စတုဒိသာမုန့်လုံးရေပေါ်၊ မဲဇလီဖူးသုပ်နှင့် ကြာဇံဟင်းများ ကျွေးမွေးကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေး-ရန်ကုန် အမြန် လမ်းမကြီး မိုင်တိုင်အမှတ် (၃၆၁) အနောက်ဘက်ရှိ ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၌ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းပြည်ပ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ကျောက်စိမ်းဘုရား၌ ဂေါပကအဖွဲ့က ဦးဆောင်ကြီးမှူး၍ ဘုရားဖူးလာပြည်သူများအား မဲဇလီဖူးသုပ်၊ အချိုရည်အအေးများ၊ ရေသန့်ဘူးများ စသည့် စတုဒိသာကျွေးမွေးလှူဒါန်း ကုသိုလ်ပြုလျက်ရှိကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဇေယျာသီရိမြို့နယ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများက နိဗ္ဗာန်ဈေးပွဲတော်ကို ယနေ့ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ပါဝင်လှူဒါန်း**

တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)၌ ကျင်းပသည့် အဆိုပါ နိဗ္ဗာန်ဈေးပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် နေပြည်တော်သတင်းစာတိုက်တို့မှ ဝန်ထမ်းမိသားစုများ ပေါင်းစုကာ ပြုလုပ်ခြင်းဖြစ်သည်။

**ပါဝင်ဆင်နွှဲ**

ဝန်ထမ်းမိသားစုဝင်များ၏ နိဗ္ဗာန်ဈေးပွဲတော်တွင် အလှူရှင် ဆိုင်ခန်းပေါင်း ၇၃ ခန်း၊ ပစ္စည်းမျိုးစုံ ၃၀၄၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃ သိန်းကျော်ဖြင့် ပါဝင်ဒါနပြုကြရာ ဝန်ထမ်းမိသားစုများနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယနေ့ကျင်းပသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုဝင်များ၏ နိဗ္ဗာန်ဈေးပွဲတော်သည် ဒုတိယအကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ကြေးမုံ)**






# စစ်တွေမြို့ လောကာနန္ဒာစေတီတော်တွင် ဆီမီးတစ်သောင်း ကပ်လှူပူဇော်

**စစ်တွေ နိုဝင်ဘာ ၁၁**

သာမညဖလအခါတော်နေ့ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ဆီမီးတစ်သောင်း ကပ်လှူပူဇော်ကြသည်။

လောကာနန္ဒာစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သိန်းခိုင်က ''အရင်နှစ်တွေတုန်းက တန်ဆောင်မုန်းလပြည့်နေ့မှာ မသိုးသင်္ကန်းရက်ပြိုင်ပွဲတွေ ကျင်းပပြီး ဘုရားရှင်ကို မသိုးသင်္ကန်းကပ်လှူပူဇော်ကြတယ်။ မနှစ်တုန်းကတော့ ဆီမီးတစ်သိန်း ကပ်လှူပူဇော်တယ်။ ဒီနှစ်မှာတော့ ရာသီဥတု အခြေအနေအရ ဆီမီးတစ်သောင်း ကပ်လှူပူဇော်ပါတယ်။ တန်ဆောင်တိုင်မှာ ဘုရားရှင်ကို ဦးခိုက်တဲ့အနေနဲ့ ကပ်လှူပူဇော်ခြင်းဖြစ်ပါတယ်''ဟု ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသူများအနက် ဥပုသ်သီလဆောက်တည်သူများကို စတုဒိသာအအေးလှူဒါန်းခြင်းများ ပြုလုပ်ကြသည်။

ထို့အပြင် တန်ဆောင်မုန်းလပြည့် အဖိတ်နေ့တွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ရဟန်းသံဃာများအား အရုဏ်ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်းများနှင့် စတုဒိသာကျွေးမွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဇင်**

# အဖမ်းခံရသော အိုင်အက်စ်စစ်သွေးကြွများအား အမိမြေသို့ ပြန်လည်ပို့ဆောင်မှု တူရကီ စတင်

**အန်ကာရာ နိုဝင်ဘာ ၁၁**

တူရကီအစိုးရသည် အိုင်အက်စ်တိုက်ခိုက်ရေးသမားများနှင့်ပူးပေါင်းသည့် အမေရိကန်နိုင်ငံသားတစ်ဦးကို ၎င်း၏ အမိမြေသို့ ယနေ့ပို့ဆောင်ခဲ့ပြီး နောက်ထပ်ဂျာမန်နိုင်ငံသား ခုနစ်ဦးကိုလည်း ယခုသီတင်းပတ်ကုန်ပိုင်းတွင် မိခင်နိုင်ငံများသို့ ပို့ဆောင်မည်ဖြစ်ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ်ကာတာကလီက ပြောကြားသည်။

တူရကီအာဏာပိုင်များသည် အမိမြေသို့ပြန်လည်ပို့ဆောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အိုင်အက်စ်အုပ်စုနှင့်ပူးပေါင်းသည့် အမေရိကန်နိုင်ငံသားတစ်ဦးကို နိုဝင်ဘာ ၁၁ ရက်က ၎င်း၏မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ အိုင်အက်စ်အုပ်စုနှင့် ပူးပေါင်းသည့် ဂျာမနီနိုင်ငံသားတစ်ဦးနှင့် ဒိန်းမတ်နိုင်ငံသားတစ်ဦးတို့ကိုလည်း ၎င်းတို့၏ မူလနိုင်ငံသို့ယနေ့ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တူရကီအစိုးရသည် အိုင်အက်စ်တိုက်ခိုက်ရေးသမားများနှင့် ပူးပေါင်းပြီး အဖမ်းခံရသည့် ဂျာမန်လူမျိုး ခုနစ်ဦးကို နိုဝင်ဘာ ၁၄ ရက်တွင် ၎င်းတို့၏ မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်သလို ပြင်သစ်နိုင်ငံသား ၁၁ ဦးနှင့်အတူ အခြားသော ဥရောပနိုင်ငံသားအများအပြားကိုလည်း ၎င်းတို့၏ မူလနိုင်ငံသို့ပြန်လည်ပို့ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

တူရကီအစိုးရသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ရှိ အိုက်အက်စ်တိုက်ခိုက်ရေးသမားများနှင့် ပူးပေါင်းရန် အမိမြေမှ ထွက်ခွာပြီး အဖမ်းခံရသော စစ်သွေးကြွများအား ၎င်းတို့၏ မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန် ငြင်းဆန်သော အနောက်နိုင်ငံများကို ပြစ်တင်ဝေဖန်ခဲ့သည်။

တူရကီနိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် နိုင်ငံခြားသား ၁၂၀၀ နီးပါးကို ၎င်း၏ အချုပ်ခန်းတွင် လောလောဆယ်ထိန်းသိမ်းထားသည်။ ထို့အပြင် မကြာသေးမီက ဆီးရီးယားနိုင်ငံအတွင်း တူရကီတပ်ဖွဲ့၏ ထိုးစစ်ဆင်မှုများတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၂၈၇ ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် နိုင်ငံခြားသားများကို ၎င်းတို့၏ မူလနိုင်ငံများသို့ ပြန်လည်ပို့ဆောင်သွားမည်ဟု တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆွိုင်လူက ပြီးခဲ့သည့် သီတင်းပတ်တွင် အခိုင်အမာပြောကြားခဲ့သည်။



သို့သော် တူရကီအစိုးရအနေဖြင့် နိုင်ငံသားဆုံးရှုံးသွားသည့် နိုင်ငံခြားသားအိုင်အက်စ်စစ်သွေးကြွများကို ၎င်းတို့၏ မူလနိုင်ငံသို့ပို့ဆောင်ခြင်း ရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

ဗြိတိန်နိုင်ငံသည် ပြည်ပနိုင်ငံများရှိ အိုင်အက်စ်စစ်သွေးကြွအုပ်စုနှင့်ပူးပေါင်းသည့် ဗြိတိန်နိုင်ငံသား ၁၀၀ ကျော်တို့ကို နိုင်ငံသားအဖြစ်မှ ဖယ်ရှားခဲ့ကြောင်း သိရသည်။ **ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျော်တီ**



# အိန္ဒိယတွင် ရထားနှစ်စင်းတိုက်မိရာ လူခြောက်ဦး ဒဏ်ရာရရှိ

**နယူးဒေလီ နိုဝင်ဘာ ၁၁**

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ဟိုက်ဒရာဘတ်မြို့တွင် နိုဝင်ဘာ ၁၁ ရက်က ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိသဖြင့် အနည်းဆုံး လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ ဒဏ်ရာရရှိသူများထဲတွင် ရထားတစ်စင်းမှ စက်ခေါင်းမောင်းတစ်ဦး ပါဝင်သည်။ ၎င်းစက်ခေါင်းမောင်းကို ကယ်ဆယ်ရေးသမားများက ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည့် စက်ခေါင်းခန်းမှ ဆွဲထုတ်ကယ်ဆယ်ခဲ့ရသည်ဟု ဆိုသည်။

ယင်းမတော်တဆဖြစ်ရပ်သည် တီလန်ဂါနာပြည်နယ်၏ မြို့တော် ဟိုက်ဒရာဘတ်မြို့ရှိ ကာချီဂူဒါမီးရထားဘူတာရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ “ကန်ချီဂူဒါ မီးရထားဘူတာရုံမှာ ဘက်စုံသုံးပို့ဆောင်ရေးစနစ် ပုံစံရထားနဲ့ မြို့ချင်းဆက်သွယ်ပြေးဆွဲတဲ့ရထားတို့ ဒီကနေ့ ခေါင်းချင်းဆိုင် တိုက်မိတာပါ။ ဒီမတော်တဆဖြစ်မှုမှာ လူအနည်းဆုံးခြောက်ဦး ဒဏ်ရာရရှိပါတယ်။ ဒဏ်ရာရတဲ့သူတွေကို အနီးအနားက အိုဆမန်နီးယားဆေးရုံကို ပို့ဆောင်ပေးခဲ့ပါတယ်”ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

မီဒီယာများက ယင်းမတော်တဆဖြစ်ရပ်တွင် ဒဏ်ရာရရှိသူဦးရေ အနည်းဆုံး ၁၀ ဦးအထိရှိသည်ဟု ဖော်ပြကြသည်။ ရထားနှစ်စင်းစလုံးသည် ဖြည်းဖြည်းချင်း မောင်းနှင်လာသဖြင့် ရထားနှစ်စင်းတိုက်မိမှုသည် မပြင်းထန်ကြောင်း အရာရှိများက ပြောသည်။

ကနဦးစုံစမ်းစစ်ဆေးမှုအရ မှားယွင်းသည့် အချက်ပြမှုကြောင့် ရထားတိုက်မိမှု ဖြစ်ပွားခြင်းဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံ မီးရထားဝန်ကြီး ပီယုရှ်ဂိုအယ်က ဒဏ်ရာရရှိသူများအား အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးကြရန် အာဏာပိုင်များကို ညွှန်ကြားထားကြောင်း ပြောကြားသည်။ အာဏာပိုင်များက ယင်းဖြစ်ရပ်ကို အဆင့်မြင့်အရာရှိများ ပါဝင်သည့် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရန် ညွှန်ကြားထားသည်။

အိန္ဒိယနိုင်ငံ၏ ရထားလမ်းကွန်ရက်သည် ကမ္ဘာပေါ်တွင် တတိယအကြီးမားဆုံး ရထားလမ်းကွန်ရက်ဖြစ်ပြီး ခရီးသည် ၂၃ သန်းခန့်ကို နေ့စဉ် ပို့ဆောင်ပေးနေကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ဇော်လင်း**

# ဘိုလီဗီးယားသမ္မတ မိုရေး ရာထူးမှနုတ်ထွက်

**လာပက်စ် နိုဝင်ဘာ ၁၁**

အငြင်းပွားဖွယ် ရွေးကောက်ပွဲများ ကျင်းပအပြီး ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီးနောက် ဘိုလီဗီးယားသမ္မတမိုရေး ရာထူးမှနုတ်ထွက်သွားခဲ့သည်။

ကျွန်တော့်အနေနဲ့ သမ္မတရာထူးကနေ နုတ်ထွက်လိုက်ပါပြီဟု ရုပ်မြင်သံကြား မိန့်ခွန်းတွင် မိုရေးက ကြေညာခဲ့ပြီးနောက် လက်တင်အမေရိကနိုင်ငံတွင် ရာထူးသက်တမ်းအရှည်ဆုံး သမ္မတဖြစ်သော၎င်းအား ထောက်ခံသည့်အနေဖြင့် ဝန်ကြီးများနှင့် ထိပ်တန်းတာဝန်ရှိသူအများအပြား ရာထူးမှနုတ်ထွက်ခဲ့သောကြောင့် တိုင်းပြည်၏ခေါင်းဆောင်ပိုင်းနေရာများတွင် လစ်ဟာမှုများ ဖြစ်ပေါ်ခဲ့သည်။ ဘိုလီဗီးယားပြည်သူများက လာပက်စ်မြို့၏လမ်းမများပေါ်တွင် အောင်ပွဲခံအခမ်းအနားများကို ကျင်းပခဲ့ကြရာတွင် တဖြည်းဖြည်းအကြမ်းဖက်သော အသွင်သဏ္ဍာန်ဆောင်ခဲ့သည်။ လွှတ်တော်အမတ် ၂၀ ခန့်နှင့် အစိုးရအရာရှိများက မက္ကဆီကိုသံအမတ်ကြီး၏နေအိမ်တွင် ဘေးလွတ်ရန်ခိုလှုံခဲ့ကြရာတွင် မက္ကဆီကိုနိုင်ငံက မိုရေးကိုလည်း ခိုလှုံရန်ကမ်းလှမ်းခဲ့သည်။ ၎င်းအား ဖမ်းဝရမ်းထုတ်ထားကြောင်း မိုရေးက တွစ်တာတွင် ရေးသားခဲ့ပြီး နေအိမ်ကိုလည်း အကြမ်းဖက်အုပ်စုများက တိုက်ခိုက်ခဲ့သည်ဟု ဆိုခဲ့သည်။

အတိုက်အခံအုပ်စုများ၏ ဘက်လိုက်သည်ဟု စွပ်စွဲခြင်းခံရသော ရွေးကောက်ပွဲဆိုင်ရာခုံရုံး၏ ဥက္ကဋ္ဌဖြစ်သူ မာရီယာအူဂေးနီးယားချို့စ်ကိုလည်း ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့ညတွင် ကြေညာခဲ့သည်။ မိုရေးက ၎င်းအုပ်ချုပ်ခဲ့သော ၁၄ နှစ်တာကာလအတွင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုအရေးတို့အား ဖြေရှင်းနိုင်ခဲ့ပြီး စီးပွားရေးကိုလည်း တိုးတက်လာစေရန် ဆောင်ရွက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ မိုရေးအနေဖြင့် အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပသော ရွေးကောက်ပွဲတွင် မဲအနည်းငယ်အသာဖြင့် အနိုင်ရခဲ့ပြီး အငြင်းပွားဖွယ် စတုတ္ထသက်တမ်း သမ္မတရာထူးကို ရရှိခဲ့သည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန်– စိုးသူရ**



# ဂျပန်နိုင်ငံမှ ဖိလစ်ပိုင်သို့ မြန်နှုန်းမြင့်ကင်းလှည့်ရေယာဉ် ပေးအပ်

**မနီလာ နိုဝင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံက လုပ်ဆောင်နေသည့် အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်မှုများ တိုးမြှင့်လုပ်ဆောင်ရေးတွင် အထောက်အကူဖြစ်စေရန် ဂျပန်နိုင်ငံက မြန်နှုန်းမြင့် ကင်းလှည့်ရေယာဉ်တစ်စင်းကို ဖိလစ်ပိုင်နိုင်ငံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ယင်းမြန်နှုန်းမြင့် ကင်းလှည့်ရေယာဉ် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်တွင် မနီလာမြို့ရှိ ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်တွင် ကျင်းပခဲ့သည်။

လွတ်လပ်ပွင့်လင်းသည့် အင်ဒို-ပစိဖိတ်ဒေသဖြစ်လာရေး ကြိုးပမ်းရာ၌ ဖိလစ်ပိုင်နိုင်ငံသည် ဂျပန်နိုင်ငံ၏ အရေးပါသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဂျပန်သံရုံးမှ သံမှူးကြီး မာဆာဟီရိုနာကာတာက ယင်းမြန်နှုန်းမြင့် ကင်းလှည့်ရေယာဉ် လွှဲပြောင်းပေးအပ်သည့် အခမ်းအနား၌ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်နှုန်းမြင့် ကင်းလှည့်ရေယာဉ်မှာ အသစ်တည်ဆောက်ထားသည့် ရေယာဉ်ဖြစ်ပြီး အလျား ၁၅ မီတာရှည်လျားကာ ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့မှ ပိုင်ဆိုင်သည့် အမြန်ဆုံးရေယာဉ်များထဲမှ တစ်စင်းဖြစ်သည်။

ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်ဖွဲ့က နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းသို့ ပြည်ပမှဝင်ရောက်လာမည့် အကြမ်းဖက်သမားများအား တားဆီးနိုင်ရန်နှင့် တပ်ဖွဲ့၏စွမ်းဆောင်ရည် တိုးတက်လာစေရေး ရည်မှန်းချက်ထား လုပ်ဆောင်နေသည်။



ယခုနှစ် ဇန်နဝါရီလအတွင်းက ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသရှိ ဂျိုဟိုကျွန်းတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း၌ သံသယမကင်းဖွယ် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၂၀ ကျော် သေဆုံးရသည်။

ယင်းဗုံးခွဲ တိုက်ခိုက်မှုတွင် အိုင်အက်စ်တို့နှင့် ဆက်နွှယ်မှုရှိသည့် အင်ဒိုနီးရှားနိုင်ငံမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ရဲအဖွဲ့က ပြောကြားသည်။

ယင်းအမျိုးသားနှင့် အမျိုးသမီးတို့သည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းအတွင်းသို့ မော်တော်ဘုတ်ငယ်တစ်စင်းကို စီးနင်းကာ ဝင်ရောက်လာပြီး တစ်ကျွန်းမှအခြားတစ်ကျွန်းသို့ ကူးသန်းလာရောက်ခဲ့သည်ဟု ယုံကြည်ရကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– ဇော်ဝင်း**

# မန္တလေးမြို့တွင် ကျင်းပသည့် ရောဝတီစာပေပွဲတော် တတိယနေ့တွင် စာပေဆိုင်ရာ ဆွေးနွေးမေးမြန်းသူ၊ စာအုပ်ဝယ်ယူသူများဖြင့် အထူးစည်ကား

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးမြို့၌ ကျင်းပသည့် ရောဝတီ စာပေပွဲတော် တတိယနေ့တွင် စကားဝိုင်းဆွေးနွေးပွဲများ၊ စာပေ ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများ နှင့် စာအုပ်အရောင်းဆိုင်များတွင် စာပေဝါသနာရှင်များ စိတ်ဝင်တစား လာရောက်လေ့လာ မေးမြန်းဆွေးနွေး ဝယ်ယူမှုများဖြင့် အထူးစည်ကား လျက်ရှိသည်။

**အကျိုးတရားများစွာ ရရှိ**

ရောဝတီစာပေပွဲတော်ကို ပဉ္စမ အကြိမ်မြောက်အဖြစ် မန္တလေးမြို့ရှိ မာကျူရာဟိုတယ်တွင် နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ စာပေအနုပညာ ဆိုင်ရာစာတမ်းများ ဖတ်ကြားခြင်း၊ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များ အပြင် ကာတွန်းရေးဆွဲခြင်းနှင့် ကဗျာ ရွတ်ဆိုခြင်း အစီအစဉ်များ ထည့်သွင်း ကျင်းပပြီး ပြည်တွင်းမှ စာရေးဆရာ ၁၀၀ ကျော်နှင့် နိုင်ငံတကာမှ စာရေး ဆရာ ၃၀ ကျော်တို့ လာရောက် ဆွေးနွေးဟောပြောကြရာ စာပေ ဝါသနာရှင်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်/ကောလိပ်နှင့် အခြေခံ ပညာအဆင့် ကျောင်းသား ကျောင်းသူ များ၊ လာရောက်လေ့လာမေးမြန်း ဆွေးနွေးမှုများဖြင့် သက်ဝင်လှုပ်ရှား ကာ နိုင်ငံ၏စာပေ ဖွံ့ဖြိုးတိုးတက်မှု အတွက် အကျိုးတရားများစွာ ရရှိစေ သည့်ပွဲတော်အဖြစ် မှတ်ယူနိုင် ကြောင်း အဆိုပါပွဲတော်တွင် ဩစတြေးလျနိုင်ငံမှ လာရောက် ဆွေးနွေးဟောပြောသူ Mr. Chris Topher Lamb က ပြောသည်။

**ပါဝင်ဆွေးနွေး**

''ဒီစာပေပွဲတော်မှာ ကျွန်တော်က ပညာရေး ပြုပြင်ပြောင်းလဲမှု အကြောင်းအရာတွေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲ တွေမှာ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဒီရောဝတီစာပေပွဲတော်မှာ မတူညီတဲ့ အကြောင်းအရာမျိုးစုံကို ခေါင်းစဉ် အမျိုးမျိုးနဲ့ ဆွေးနွေးခွင့်ရတဲ့အပြင် မြန်မာနိုင်ငံ အနှံ့အပြားမှာရှိတဲ့ နယ်ပယ်အသီးသီးက စာရေးဆရာ တွေ တစ်နေရာတည်းမှာ လာရောက် တွေ့ဆုံပြီး ပြုပြင်ပြောင်းလဲမှုတွေ အတွက် ဆွေးနွေးမေးမြန်း ပြောဆိုနိုင် ကြလို့ ဒီပွဲတော်ကျင်းပတာကို ကျွန်တော့်အနေနဲ့ နှစ်သက်ပါတယ်။ ဒီထက် ပိုပြီးကောင်းမွန်တာက ဒီပွဲတော်မှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ပြီး စာပေပွဲတော်က ဘယ်လောက် အကျိုး ရှိတယ်ဆိုတာကို ပြောသွားတယ်။ ဒါက ဒီပွဲတော်ရဲ့ ထူးခြားချက်တစ်ခု ဖြစ်သလို နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ကလည်း ဒီပွဲတော်ကို မတက် ရောက်နိုင်ပေမယ့် စာပေပွဲတော်ကြီး အောင်မြင်စေဖို့နဲ့ အမြဲတမ်းတည်တံ့ နိုင်စေဖို့ ဆုတောင်းစကားကို ဗီဒီယို ဖိုင်နဲ့ ပြောကြားပေးတာကလည်း ဒီပွဲတော်အတွက် အလွန်ကို အရေး ပါခဲ့ပါတယ် ''ဟု ၎င်းက ပြောသည်။



ရောဝတီစာပေပွဲတော် တတိယနေ့တွင် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

**ရသနဲ့ သုတစာပေ**

ရောဝတီစာပေပွဲတော် တတိယနေ့ တွင် စာရေးဆရာများ၏ ဆွေးနွေး ဟောပြောမှုများကို လာရောက် လေ့လာနားထောင်သူ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းမှ မအေးပြည့်စုံ က ''ဒီနှစ်စာပေပွဲတော်က လူငယ်နဲ့ စာပေအကျိုးကို အဓိကဦးတည် ဆွေးနွေးကြတဲ့အတွက် လူငယ်တွေ ဘယ်လို စာပေမျိုးကို ရွေးချယ်ဖတ်ရှု သင့်တယ်ဆိုတဲ့အချက်တွေကို သိခဲ့ရ တယ်။ လူငယ်တွေ စာမဖတ်ဘူးလို့ ပြောနေကြပေမယ့် တကယ်တော့ လူငယ်တွေ စာမဖတ်တာ မဟုတ်ဘူး၊ စာဖတ်ကြပါတယ်။ ဖတ်တဲ့ပုံစံ ပြောင်းလဲသွားတာပါ။ အခုခေတ် လူငယ်တွေက အင်တာနက်ကနေ ကိုယ်ကြိုက်တဲ့စာပေတွေကို ရှာဖွေပြီး ဖတ်နေကြတယ်ဆိုတာကို ဒီပွဲတော်ရဲ့ ဆွေးနွေးပွဲကနေ သိခဲ့ရတယ်။ ဒါ့အပြင် ရသနဲ့ သုတစာပေနှစ်မျိုး စလုံးကို မျှတပြီး ဖတ်ရှုသွားမယ်ဆိုရင် အနာဂတ်အတွက် အသိပညာ ခွန်အား တွေ အများကြီးရသွားမယ်လို့ ထင်ပါ တယ်။ ဒီပွဲတော်ကို မန္တလေးမြို့အပြင် နယ်မြို့တွေမှာလည်း ကျင်းပပေးမယ် ဆိုရင် ပိုပြီးအကျိုးရှိမှာပါ'' ဟု ပြော သည်။

**စည်ကား**

ရောဝတီစာပေပွဲတော်တွင် ရန်ကုန် နှင့် မန္တလေးမြို့တို့မှ လာရောက် ဖွင့်လှစ်ရောင်းချကြသည့် စာအုပ် အရောင်းဆိုင်များတွင်လည်း စာပေ ဝါသနာရှင်များနှင့် ကျောင်းသား လူငယ်များ လာရောက်၍ စိတ်ကြိုက် ရွေးချယ်ဝယ်ယူမှုများဖြင့် စည်ကား လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ – အောင်ဖြိုးကျော်**



ရောဝတီစာပေပွဲတော် တတိယနေ့တွင် စာအုပ်အရောင်းဆိုင်များ၌ လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ငွေကြည်

လောကကြီးမှာဗျာ



# လှိုင်လင်မြို့နယ်၌ တရားခံပြေးတစ်ဦးအား ဖမ်းဆီးစဉ် ပြန်လည်ရန်ပြုခံသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

လှိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက တရားခံပြေးအား သွားရောက်ဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်ရန်ပြုသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်လင်မြို့မရဲစခန်း (ပ)၉၉/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၄၅၂/၅၀၆/ ၄၂၇ အမှုမှ တရားခံပြေး စိုင်းဇိန (၄၁)နှစ်သည် နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က ပန်ခေါက်ဝိုးကျေးရွာရှိ ၎င်း၏နေအိမ်၌ ရောက်ရှိနေကြောင်း သတင်းအရ လှိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးစဉ် စိုင်းဇိနမှာ အဖမ်းမခံဘဲ ဇနီးဖြစ်သူ နန်းရွှေဝါ(၃၆)နှစ်၏ လည်ပင်းအား ဓားရှည်ဖြင့် ထောက်ထားသောကြောင့် ရဲတပ်ဖွဲ့ဝင်များက လက်နက်ချအဖမ်းခံရန် ဖျောင်းဖျပြောဆိုနေစဉ် နန်းရွှေဝါမှာ ရုန်းကန်ထွက်ပြေးသွားသဖြင့် စိုင်းဇိနက ဓားဖြင့် ခုတ်ရာ နန်းရွှေဝါတွင် ကုပ်ပိုး၊ ဝဲလက်ကောက်ဝတ်၊ ဝဲလက်မတို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များအား ဆက်လက်ရန်ပြုသဖြင့် သေနတ်ဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ စိုင်းဇိနတွင် နဖူး၊ ယာပါး၊ ရင်ဘတ်ပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။ ၎င်းအား စစ်ဆေးရှာဖွေရာ အင်္ကျီအိတ်ကပ်အတွင်းမှ WY စိတ်ကြွဆေးပြား ၁၁၈ ပြား (၁ ပြားလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၁ ဒသမ ၁၈ သိန်း)အား သိမ်းဆည်းရမိခဲ့၍ လှိုင်လင်မြို့မရဲစခန်း၌ အမှုအသီးသီးရေးဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ရဲပြန်ကြား**



# ကျိုက်မရောမြို့ ကျွန်းရွာအနီးတွင် ကားတစ်စီး ချောက်ထဲကျ

**ကျိုက်မရော နိုဝင်ဘာ ၁၁**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့ ကျွန်းရွာကျေးရွာ ကြက်ဖတံတားအနီး၌ ယနေ့နံနက် ၅ နာရီခန့်က တန်ဆောင်တိုင်ပွဲတော်လာရောက်ကြည့်ရှုသော ကနာလိုကျေးရွာ ရော်ဘာအစေးပြားစက်ရုံမှ အလုပ်သမားများ တင်ဆောင်လာသော ယာဉ်တစ်စီးချောက်ထဲကျခဲ့သဖြင့် ၄၁ ဦး ဒဏ်ရာရကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအား မုဒုံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး (စိုးရိမ်ရ) လူနာအချို့အား ဆက်လက်ဆေးကုသမှု ခံယူနိုင်ရန်အတွက် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း မုဒုံလူနာတင်ယာဉ်ကွန်ရက်မှ တာဝန်ရှိသူထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ဗန်းမော်မြို့နယ်အတွင်းမှ ဘိန်းမဲ ၈၁၆၃ ဒသမ ၅ ဂရမ် သိမ်းဆည်းရမိ

**ဗန်းမော် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် ကစောက်ဖာကျေးရွာအတွင်းမှ ဘိန်းမဲများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် နံနက်၂ နာရီခန့်တွင် ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်တင်မင်းလှိုင် ဦးစီးသောအဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို အနီးကပ်ကြီးကြပ်၍ ဗန်းမော်မြို့နယ် ကနန်းဒေသရှိ ကစောက်ဖာကျေးရွာနေ ဝေဦး၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အနီး စပါးကျီဝင်ပေါက်နေရာမှ ဘိန်းမဲ ၈၁၆၃ ဒသမ ၅ ဂရမ် ရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ ဝေဦးအား ဗန်းမော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မဟာအောင်မြေမြို့နယ်အတွင်း ကားခိုးယူမောင်းနှင်ထွက်ပြေးသူအား ဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်းတွင် ကားငှားရမ်းသူထံမှ ကားခိုးယူမောင်းနှင်ထွက်ပြေးသွားသူအား မဟာအောင်မြေမြို့နယ် ရဲတပ်ဖွဲ့နှင့် လားရှိုးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာလ နောက်ဆုံးပတ် နံနက် ၁၀ နာရီခန့်တွင် အာကာသင်း မေဃဂီရိရပ်ကွက် အောင်မြေသာစံမြို့နယ်နေသူက မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက်နေ ဦးသန်းလင်းထံမှ ၎င်းပိုင်ဆိုင်သည့်ယာဉ်အား ငှားရမ်းရန်ပြောဆိုခဲ့ရာ နှစ်ဦးသဘောတူခဲ့ပြီး အောက်တိုဘာ ၂၈ ရက် နံနက် ၇ နာရီခန့်တွင် ကားအားပေးရန် သော့တပ်လျက် ခေတ္တရပ်ထားစဉ် အာကာသင်းမှာ ကားအားခိုးယူမောင်းနှင် ထွက်ပြေးသွားခဲ့သည်။ ကားခိုးမှုနှင့်ပတ်သက်ပြီး ဦးသန်းလင်းက အမှတ် (၇) နယ်မြေရဲစခန်းသို့လာရောက်တိုင်တန်းသဖြင့် မဟာအောင်မြေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ စခန်းမှူး ရဲအုပ်ဇော်ဝေလင်းတို့၏ စီမံကြီးကြပ်မှုဖြင့် နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်သိန်းဇော်ဦးနှင့်အဖွဲ့က လိုက်လံစုံစမ်းဆောင်ရွက်ခဲ့ရာ အာကာသင်းနှင့် သက်သေခံမော်တော်ယာဉ်အား အောက်တိုဘာ ၂၈ ရက် ညနေ ၅ နာရီတွင် လားရှိုး-သိန္နီလမ်းမ၌ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**



# တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိဘဲ တုပထုတ်လုပ်ထားသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်း

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရွှင်လန်း | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး | ဆေးမှုန့် | ရွှင်လန်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလိုင်သာယာ စက်မှုဇုန်၊ ရန်ကုန်မြို့ |




တုပထုတ်လုပ်ထားသော တိုင်းရင်းဆေးဝါး ဆေးထုပ်နမူနာ

မရှိဘဲ တုပထုတ်လုပ်ထားသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံး၀(လုံး၀) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



# ကျိုတိုမှ ပေးစာများ - ၂

## ရှင်ကန်ဆန်ကျည်ဆန်ရထားအတွေ့အကြုံ

■ အောင်အောင် IR

ကျိုတိုမြို့သို့ရောက်ပြီး သုံးရက်အကြာတွင် တိုကျိုမြို့တော်သို့သွားရောက်ရန် အကြောင်းဖြစ်တည်လာပါသည်။ စာရေးသူ ရန်ကုန်မြို့တွင်ရှိစဉ်ကပင် ဂျပန်တွင်နေထိုင်စဉ်ကာလအတွင်း အပြည့်အဝ ငွေကြေးကူညီထောက်ပံ့မည့် တိုကျိုမြို့တော်ရှိ ဂျပန်ဖောင်ဒေးရှင်းက ရန်ကုန်မြို့ရှိ သူတို့ရုံးဌာနခွဲမှတစ်ဆင့် စာရေးသူအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် တိုကျိုမြို့ရှိ သူတို့ရုံးချုပ်ထံလာရောက်ပါရန် အကြောင်းကြားလာပါသည်။

အောက်တိုဘာလ ၁ ရက်နေ့တွင် တိုကျိုတက္ကသိုလ်၏ အရှေ့တောင်အာရှဒေသလေ့လာရေးစင်တာ (CSEAS) တွင် ဧည့်သုတေသီတာဝန်များကို စတင်ထမ်းဆောင်သည်ဖြစ်ရာ အောက်တိုဘာလ ၃ ရက်နေ့တွင် စင်တာမှ တာဝန်ရှိသူများကို အကြောင်းကြားပြီး ကျိုတိုမြို့မှ တိုကျိုမြို့သို့ ရှင်ကန်ဆန်ကျည်ဆန်ရထားဖြင့် သွားရောက်ခဲ့ပါသည်။

ယခုဆောင်းပါးတွင် ရေးသားမည့် အဓိကအကြောင်းအရာမှာ ရှင်ကန်ဆန်ရထား (ကျည်ဆန်ရထား) အတွေ့အကြုံများ ဖြစ်ပါသည်။ အမှန်တော့ ကျိုတိုနှင့် တိုကျိုကို လူများ မကြာခဏမှားကြပါသည်။ နာမည်ကလည်း ဆင်တူလှပါသည်။ မြို့တော်အဟောင်းနှင့် မြို့တော်အသစ်ဖြစ်သည်။ သို့သော် ကျိုတိုနှင့် တိုကျိုသည် ၄၅၆ ဒသမ ၄၃ ကီလိုမီတာ (၂၈၃ ဒသမ ၆၁ မိုင်) မျှကွာဝေးပါသည်။

မော်တော်ကားဖြင့် တစ်နာရီလျှင် ၁၁၂ ကီလိုမီတာ (မိုင် ၇၀ ) မောင်းမည်ဆိုပါက ကျိုတိုမှ တိုကျိုသို့ ၄ နာရီ ၄ မိနစ် ကြာမြင့်မည်ဖြစ်သည်။ ရှင်ကန်ဆန်ရထားဖြင့်ပင်လျှင် ၂ နာရီ မိနစ် ၂၀ ခန့် ကြာမြင့်ပါသည်။ အဆောင်မှ ကျိုတိုဘူတာရုံသို့ ဘတ်စ်ကားဖြင့်သွားရောက်ပြီး ဘူတာရုံတွင် ကျိုတိုမှ တိုကျိုနှင့် တိုကျိုမှ ကျိုတိုသို့ နေ့ချင်းပြန် ရှင်ကန်ဆန်ရထားလက်မှတ်ဝယ်ပါသည်။

ကျိုတိုနှင့် တိုကျိုပြေးဆွဲသော ရှင်ကန်ဆန်ရထားလိုင်းမှာ တိုကိုင်းဒိုးရှင်ကန်ဆန် (JR Tokaido Shinkansen) လိုင်းဖြစ်ပါသည်။ တိုကိုင်းဒိုးရှင်ကန်ဆန်ရထားလိုင်းတွင် ပြေးဆွဲသောရထားအမျိုးအစားသုံးမျိုးရှိပြီး ၎င်းတို့မှာ နိုဇုမိ (Nozomi)၊ ဟိခါရိ (Hikari) နှင့် ကိုဒမ (Kodama) တို့ဖြစ်ပါသည်။

နိုဇုမိမှာ အမြန်ဆုံးရှင်ကန်ဆန်ရထားအမျိုးအစားဖြစ်ပြီး ကျိုတိုမှ တိုကျိုသို့ ၂ နာရီ မိနစ် ၂၀ ခန့်ကြာမြင့်ပါသည်။ ဟိခါရိမှာ ၂ နာရီ မိနစ် ၄၀ ကြာမြင့်ပြီး ကိုဒမမှာ ၄ နာရီခန့် ကြာမြင့်ပါသည်။ နိုဇုမိရထားသည် လမ်းတွင် သုံးဘူတာခန့်သာ ရပ်သော်လည်း ကိုဒမရထားမှာ ဘူတာရုံတိုင်း ရပ်သည်ဟု သိရပါသည်။ ကျိုတို-တိုကျို ရှင်ကန်ဆန်လက်မှတ်ခမှာ ယန်း ၁၃၀၈၀ ကျသင့်ပြီး ထိုင်ခုံနေရာကြိုတင်ယူမည် (reserved seat) ဆိုပါက နိုဇုမိမှာ ယန်း ၁၄၀၀၀ ကျသင့်မည်ဖြစ်ပြီး ဟိခါရိနှင့် ကိုဒမမှာ ယန်း ၁၃၅၀၀ ကျသင့်မည်ဖြစ်သည်။

ရှင်ကန်ဆန်ရထားများမှာ တစ်ခါတစ်ရံ လူပြည့်တတ်သဖြင့် ထိုင်ခုံနေရာမရပါက မတ်တတ်ရပ်လိုက်ရသည့်အခါမျိုး ရှိသည်ဟု သိရပါသည်။ စာရေးသူမှာ တိုကျိုမှ ကျိုတိုနှင့် ကျိုတိုမှ တိုကျိုသို့ နေ့ချင်းပြန် နိုဇုမိရထားအမျိုးအစားဝယ်ရာ လက်မှတ်ခ ယန်း ၂၆၆၄၀ (non-reserved seat)ကျသင့်ပါသည်။ ရထားခမှာ ဂျပန်ဖောင်ဒေးရှင်းမှ ပြန်လည်ထုတ်ပေးပါသည်။

ရှင်ကန်ဆန်လက်မှတ်ဝယ်လျှင် လက်မှတ်သုံးစောင်တစ်ခါတည်းရပါလိမ့်မည်။ ပထမလက်မှတ်မှာ အခြေခံရထားလက်မှတ်ခ (basic fare ticket) ဖြစ်ပြီး ဂျပန်လို joshaken ဟု ခေါ်ပါသည်။ ဒုတိယလက်မှတ်မှာ အထူးအမြန်ရထားလက်မှတ်ခ (super express



ticket) ဖြစ်ပြီး ဂျပန်လို tokkyuken ဟု ခေါ်ပါသည်။ အဆိုပါရထားလက်မှတ်တစ်ခုစီတွင် ကျသင့်ငွေများ ရေးသားထားပြီး လက်မှတ်နှစ်ခု စုစုပေါင်းကျသင့်ငွေမှာ ရှင်ကန်ဆန်လက်မှတ်ခပင် ဖြစ်ပါတော့သည်။ အဆိုပါလက်မှတ်နှစ်ခုစလုံးအား ရှင်ကန်ဆန်ရထားစီးရာတွင် အသုံးပြုရမည်ဖြစ်ပါသည်။

ဆိုလိုသည်မှာ ရှင်ကန်ဆန်ရထားထွက်ခွာမည့်နေရာသို့သွားရောက်ရာတွင် လက်မှတ်ဂိတ်ရှိစက်တွင် အဆိုပါလက်မှတ်နှစ်ခုစလုံးကို ပြိုင်တူထည့်ရန် လိုအပ်ပါသည်။ ရထားပေါ်တွင်လည်း လက်မှတ်စစ်က တောင်းဆိုပါက အဆိုပါလက်မှတ်နှစ်ခုစလုံးကို ပြသရမည်ဖြစ်ပါသည်။ တတိယလက်မှတ်မှာ လက်မှတ်ဟုဆိုသော်လည်း ငွေလက်ခံဖြတ်ပိုင်းတစ်ခုသာ



ဖြစ်ပါသည်။

စာရေးသူ ဂျပန်နိုင်ငံတွင် ရှင်ကန်ဆန်ရထားစီးဖူးသည်မှာ ဒုတိယအကြိမ်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဂျပန်နိုင်ငံ နဂိုယာမြို့တွင် ကျောင်းတက်စဉ် ပညာသင်ဆုပေးသည့် အဖွဲ့အစည်းက စီစဉ်သည့် ခရီးစဉ်တစ်ခုအတွင်း ပထမဆုံးအကြိမ် ရှင်ကန်ဆန်ရထားစီးဖူးခဲ့ပါသည်။ ထိုစဉ်က အဖွဲ့အစည်းက အားလုံးစီစဉ်သည်ဖြစ်ရာ ကိုယ်တိုင်လက်မှတ်ဝယ်ရန်မလိုဘဲ ရထားပေါ်အဖွဲ့နှင့် လိုက်ပါသွားရုံဖြစ်သည်။ ယခုတွင်မူ အစ၊ အဆုံး လက်မှတ်ဝယ်၊ တစ်ဦးတည်းခရီးထွက်ရသည်ဖြစ်ရာ ရှင်ကန်ဆန်အကြောင်း ပိုမိုသိရှိစိတ်ဝင်စားလာပါသည်။

အင်္ဂလိပ်လို ကျည်ဆန်ရထား (Bullet Train) ဟုအမည်တွင်သော ဂျပန်အခေါ် ရှင်ကန်ဆန်ရထား(Shinkansen)ကို ဂျပန်နိုင်ငံတွင် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အသုံးပြုခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၅၅ နှစ်မက ရှိခဲ့ပြီဖြစ်သည်။ ရှင်ကန်ဆန်ကို ၁၉၆၄ ခုနှစ်တွင် တိုကျိုမြို့နှင့် အိုဆာကာမြို့များအကြား စတင်ပြေးဆွဲခဲ့သော်လည်း ယခုအခါ ရှင်ကန်ဆန်သည် ဂျပန်နိုင်ငံအနှံ့ ရောက်ရှိပြေးဆွဲနေပြီဖြစ်သည်။ ရှင်ကန်ဆန်၏ အမြန်နှုန်းသည် ၁၉၆၄ ခုနှစ်တွင် တစ်နာရီကီလိုမီတာ ၂၁၀(မိုင် ၁၃၀ ) သာ ရှိခဲ့သော်လည်း ယခုအခါ တစ်နာရီကီလိုမီတာ ၃၂၀ (၁၉၉ မိုင်) အထိ ရောက်ရှိပြေးဆွဲနေပြီဖြစ်သည်။ သို့သော် ရှင်ကန်ဆန်၏ အမြန်နှုန်းမှာ တစ်မြို့နှင့်တစ်မြို့၊ တစ်လိုင်းနှင့်တစ်လိုင်း မတူဘဲ ကွဲပြားမှုများရှိပါသည်။

ဂျပန်နိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် တစ်နာရီလျှင် အမြန်နှုန်း ၅၀၅ ကီလိုမီတာ (၃၁၄ မိုင်) ဖြင့် တိုကျိုနှင့် နဂိုယာမြို့အကြား သံလိုက်နည်းပညာသုံး မြန်နှုန်းမြင့်ရထား ပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

စာရေးသူ၏ ကျိုတို-တိုကျို ရှင်ကန်ဆန်အတွေ့အကြုံအရ ရထားသည် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် စတင်ထွက်ခွာပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် နဂိုယာ (Nagoya)၊ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်တွင် ရှင်ယိုကိုဟားမား (Shin-Yokohama) နှင့် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ရှင်နာဂါဝါ (Shinagawa)ဘူတာရုံများသို့ ရောက်ရှိကာ ခရီးသည်အတင်၊ အချပြုလုပ်ရန် ခေတ္တရပ်နားပါသည်။ တိုကျိုမြို့ တိုကျိုဘူတာရုံ (Tokyo Station)သို့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရောက်ရှိပါသည်။ စုစုပေါင်း တိုကျိုမှ ကျိုတိုသို့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ကြာမြင့်ပါသည်။

ရထားပေါ်တွင် ခရီးသည်များကို လွတ်လပ်စွာ စားသောက်ခွင့်ပြုထားပါသည်။ ဆေးလိပ်သောက်လိုလျှင်မူ ဆေးလိပ်သောက်နိုင်သည့်တွဲကို စီးနင်းရန်လိုပါသည်။ ရထားအတွင်း၌လည်း ရထားဝန်ထမ်းများက စားစရာများတင်ဆောင်ထားသော လက်တွန်းလှည်းလေးဖြင့် ခေါက်တုံ့ခေါက်ပြန်ရောင်းချပေးနေသည်။ တိုကျိုမှ ကျိုတိုသို့အပြန် ညနေပိုင်းတွင် ရှင်ကန်ဆန်ရထားအတွင်း အဆာပြေဘီယာ သောက်သုံးနေသူများကိုပင် သတိပြုမိခဲ့သည်။ ရထားမှာ ကျည်ဆန်ရထားဆိုသော်လည်း အတွင်းတွင် ထိုင်ခုံများမှာ ခရီးဝေးဘတ်စ်ကားများကဲ့သို့ပင် ဖြစ်ပါသည်။ ခါးပတ်များလည်း ပတ်ထားရန် မလိုအပ်ပါ။

ကျည်ဆန်ရထားဆိုသည်မှာ တင်စားပြောဆိုခြင်းဖြစ်ပြီး အမြန်နှုန်းမှာ ကျည်ဆန်ကဲ့သို့ မျက်စိဖြင့် မမြင်နိုင်လောက်အောင် မြန်ဆန်ခြင်းမျိုးမဟုတ်ပါ။ ရထားခုတ်မောင်းနေစဉ်အတွင်း ရထားပြတင်းပေါက်မှတစ်ဆင့် အပြင်မြင်ကွင်းများကို ကောင်းစွာမြင်တွေ့နေရပါသည်။ ယခုကျည်ဆန်ရထား (ရှင်ကန်ဆန်) စီးနင်းစဉ် စာရေးသူ ၂၀၁၄ ခုနှစ်က ပထမဆုံးအကြိမ် ကျည်ဆန်ရထားစီးခဲ့သည့်အချိန်ကို အမှတ်ရမိပါသည်။ ထိုစဉ်က ခံစားစိတ်မှာ ရထားက ကျည်ဆန်ရထားဆိုပြီး ဒီလောက်လည်း မမြန်ဘူးဟု တွေးမိခဲ့သည်ကို မှတ်မိနေပါသည်။ ယခုလည်း အမြန်နှုန်းတိုးမြင့်လာသည့်တိုင် ကျည်ဆန်ကဲ့သို့ လျှင်မြန်မှုမျိုးတော့ မဟုတ်ပါပေ။

သတိပြုမိသည်မှာ စာရေးသူလိုက်ပါလာသော ရထားတွဲပေါ်တွင် အားလုံးမှာ ဂျပန်များဖြစ်ကြပြီး စာရေးသူတစ်ဦးတည်းသာ နိုင်ငံခြားသား (မြန်မာ) ဖြစ်ပါသည်။ ဝတ်စုံအပြည့်နှင့် ရထားဝန်ထမ်းများသည် များစွာယဉ်ကျေးပျူငှာကြပြီး သူတို့ရထားတွဲအတွင်းသို့ အဝင်တွင် တွဲအတွင်းရှိ ခရီးသည်များအား ဦးညွှတ်အရိုအသေပြုပြီးမှ ရှေ့ဆက်လမ်းလျှောက်ကြပါသည်။ ထို့အတူ တွဲအတွင်းမှ အထွက် (နောက်တွဲအတွင်းသို့အကူး) တွင်လည်း တွဲအတွင်းရှိ ခရီးသည်များအား နောက်ပြန်လှည့်ဦးညွှတ်အရိုအသေပြုပြီးမှ ရှေ့ဆက်လမ်းလျှောက်ကြပါသည်။ နောက်တွဲ အဝင်၊ အထွက်တွင်လည်း ထိုသို့မလွဲမသွေပြုမူကြပါသည်။

**ဝတ်စုံအပြည့်နှင့် ရထားဝန်ထမ်းများသည် များစွာယဉ်ကျေးပျူငှာကြပြီး သူတို့ရထားတွဲအတွင်းသို့ အဝင်တွင် တွဲအတွင်းရှိ ခရီးသည်များအား ဦးညွှတ်အရိုအသေပြုပြီးမှ ရှေ့ဆက်လမ်းလျှောက်ကြပါသည်။ ထို့အတူ တွဲအတွင်းမှ အထွက်(နောက်တွဲအတွင်းသို့အကူး)တွင်လည်း တွဲအတွင်းရှိ ခရီးသည်များအား နောက်ပြန်လှည့် ဦးညွှတ်အရိုအသေပြုပြီးမှ ရှေ့ဆက်လမ်းလျှောက်ကြပါသည်။ နောက်တွဲ အဝင်၊ အထွက်တွင်လည်း ထိုသို့မလွဲမသွေပြုမူကြပါသည်။**



လက်တွန်းလှည်းဖြင့် ဈေးရောင်းနေသော ဝန်ထမ်းအမျိုးသမီးများသည်လည်း တွဲတစ်တွဲအတွင်း ဈေးရောင်းပြီးပါက အဝင်ရော၊ အထွက်တွင်ပါ တွဲအတွင်းရှိ ခရီးသည်များအား ဦးညွှတ်အရိုအသေပြုပြီးမှ ကျန်တွဲများဆီသို့ ဆက်လက်ဈေးရောင်းကြပါသည်။ ဤသို့ယဉ်ကျေးပျူငှာနှစ်လိုဖွယ်အပြုအမူမျိုး တစ်ကမ္ဘာလုံးတွင် ဂျပန်တစ်နိုင်ငံတည်းသာရှိလိမ့်မည်ဟု ထင်ပါသည်။

စာရေးသူ ရှင်ကန်ဆန်ရထားအတွင်း ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးတို့အကြောင်း တွေးတောနေစဉ်မှာပင် ရထားသည် မြို့တော်တိုကျိုနယ်နိမိတ်အတွင်းဆီသို့ ဦးတည်ချင်းနင်းဝင်ရောက်လာခဲ့ပါတော့သည်။ ။

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်မည့် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဖွင့်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၇၃ လမ်း၊ ၁၀ လမ်းနှင့် ၁၁လမ်းကြားရှိ မန္တလေးပြန်လည်ထူထောင်ရေးစခန်း၌ နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာကုန်စည်ပြပွဲ ကျင်းပမည်

မန္တလေးနိုင်ငံတကာကုန်စည်ပြပွဲ Mandalay International Trade Fair 2019 ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ထိုင်းကုန်စည်ပြပွဲကျင်းပမည်

ဒုတိယအကြိမ် ထိုင်းကုန်စည်ပြပွဲ Amazing Thailand Expo 2019 (Mandalay) ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် နိုဝင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင် ရွေးချယ်ပွဲကျင်းပမည်

မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးကောင်စီ ကောင်စီဝင် စိစစ်ရွေးချယ်တင်မြှောက်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စီးပွားရေးပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ ဦးဆောင် ကျင်းပသော စီးပွားရေးပညာပေးဆွေးနွေးဟောပြောပွဲ (အခမဲ့) ကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ MRCCI အသင်းရုံးခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးဟောပြောပွဲတွင် ဆရာသင့်နော်က 'မင်္ဂလာအဖြာဖြာပြည့်စေရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ AAT Business Part မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးအေးသန့်က 'စီးပွားရေးသက်လုံနှင့် ဗျူဟာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးဟောပြောသွားမည်ဖြစ်ကာ 'စီးပွားရေးစကားဝိုင်းကို ဆရာဦးကျော်ရင်မြင့်၊ ကျော်ကြားပုံနှိပ်တိုက်မှ မလှလှကြူ၊ Bardo Travel & Speed Construction မှ ကိုတင်စိုးဝင်းနှင့် မီးအိမ်ရှင် ပန်းချီပန်းပု သင်တန်းကျောင်းမှ မနန္ဒာမြင့်တို့က ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ပညာဒါနသင်တန်းဖွင့်လှစ်မည်

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း (မန္တလေး)နှင့် White Richmond Business School တို့ ပူးပေါင်းဖွင့်လှစ်သည့် Business Management (Basic Level) ပညာဒါနသင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ည ၇ နာရီခွဲအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂လမ်း၊၃၃လမ်းနှင့် ၃၄ လမ်းကြားရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း (မန္တလေး) တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### လူထုအခြေပြုဗဟိုဌာနတွင် ပန်းချီပြပွဲကျင်းပမည်

ပုသိမ်ကြီးမြို့နယ် ပန်းချီ၊ပန်းပုအစည်းအရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ပန်းချီပြပွဲကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနတွင် နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

### အပြောင်းအလဲနဲ့ အဟောင်းအလွဲကြားက HR ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

အပြောင်းအလဲနဲ့ အဟောင်းအလွဲကြားက HR ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ London Business Academy တွင် နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

## လှိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်၌ မသိုးသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကျင်းပ



**လှိုင်ကော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်ပူဇော်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၄ နာရီခွဲက လှိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်တော်ကွင်းအတွင်းရှိ အဘယ မုဒြာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက ဗုဒ္ဓဥယျာဉ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် အဘယမုဒြာရုပ်ပွားတော် မြတ်အား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဘယမုဒြာ ရုပ်ပွားတော်မြတ်အား ဆွမ်း၊ ခဲဖွယ်အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

**လှိုင်ကော်သား**

## မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ဖွင့်ပွဲနှင့် ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၁**

မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်ရင်ပြင်၌ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၏ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ဇနီး ဒေါ်ဝင်းဝင်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရက်ကန်းစင်များအား လှည့်လည်ကြည့်ရှုကြသည်။

နိုဝင်ဘာ၁၁ ရက် နံနက် ၄ နာရီတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူတို့သည် ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူတို့သည် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဘားအံ နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် (၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို ပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ဇာတ်သဘင်အကအလှများ၊ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးများ၊ အားကစားပြိုင်ပွဲများ၊ ကရင်ရိုးရာအဝတ်အထည်နှင့် အစားအသောက်ရောင်းချခြင်းများ၊ ဒုံးအကပြိုင်ပွဲများဖြင့် ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်ညပိုင်းက ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲ နောက်ဆုံးအဆင့် (ဖိုင်နယ်)ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ပွဲတော်ကျင်းပရာ သီရိကွင်း ဒုံးအကပြိုင်ပွဲစင်မြင့်ထက်၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဘက်စုံ ဒုံးအက တတိယဆု ရွှေကော့ပရံယဉ်ကျေးမှုဒုံးအဖွဲ့၊ ဒုတိယဆု နောင်ပလိန်ယဉ်ကျေးမှုဒုံးအဖွဲ့၊ ပထမဆု ရသေ့ပျံယဉ်ကျေးမှု ဒုံးအဖွဲ့များအား ငွေသားဆုနှင့် ဆုဖလားများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်က အကြိုးစားဆုံး ဆုနှင့် ဒိုင်အဖွဲ့အားလည်းကောင်း၊ လူမှုရေး ဝန်ကြီး ဦးဘိုဘိုဝေမောင်က တေးသီချင်း ပထမဆုရ ရသေ့ပျံ၊ ဒုတိယဆုရ ကော့ပရံ၊ တတိယဆုရ နောင်ပလိန် ယဉ်ကျေးမှုဒုံးအဖွဲ့များအား လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးကရာဓနာ ပထမဆုနောင်ပလိန်၊ ဒုတိယဆု ရသေ့ပျံ၊ တတိယ ကြာအင်းဆိပ်ကြီး ယဉ်ကျေးမှုဒုံးအဖွဲ့များအားလည်းကောင်း၊စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အထူးဆုရရှိသည့်ဒုံးအဖွဲ့များအားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးစောစံလင်းက ဘက်စုံဒုံးအဖွဲ့ ပဥ္စမဆု ကော့စိန်ဘန်အောက်၊ စတုတ္ထဆု လှိုင်းဘွဲမြို့နယ် ကိုယ်စားပြုဒုံးအဖွဲ့နှင့် အထူးဆုရရှိသည့် ဒုံးအဖွဲ့များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲကို ကရင်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်သောအားဖြင့် နှစ်စဉ်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် ဒုံးအကတစ်ဖွဲ့လျှင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၆ ဦး၊ အရန်လူ၊ နောက်ထိုင်နှင့် တူရိယာတီးခတ်သီဆိုသူများအပါအဝင် စုစုပေါင်းလူဦးရေ ၆၀ ကျော်မှ ၇၀ ဝန်းကျင်ခန့်ဖြင့် ဖွဲ့စည်းတည်ထောင်ထားပြီး ကျွဲချို၊ ဖားစည်၊ နှဲ၊ မောင်း၊ ဘင်၊ အိုးစည်၊ လင်းကွင်း၊ စည်းဝါးများကို တီးမှုတ်၍ တေးသီချင်းများ သံပြိုင်သီဆို၍ ညီညာမြူးကြွသွက်လက်စွာဖြင့် ကပြဖျော်ဖြေ ယှဉ်ပြိုင်ကြရပြီး ယခုနှစ်ပြိုင်ပွဲတွင် ဒုံးအဖွဲ့ ၁၁ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအကပြိုင်ပွဲသည် စုပေါင်း၍ကပြရသော အကတစ်မျိုးဖြစ်ပြီး မြူးကြွသော တူရိယာဂီတ တီးမှုတ်ခြင်းနှင့် သွက်လက်တက်ကြွသော ကဟန်၊ ကကွက်၊ ကကြိုးတို့ဖြင့် ကရင်လူမျိုးတို့၏ဘဝ၊ ကရင်လူမျိုးတို့၏အလှနှင့် လူနေမှုစနစ်ကို ထင်ဟပ်ဖော်ကျူးနိုင်သောရွှင်မြူးတက်ကြွသွက်လက်စွာ ရွေ့လျားလှုပ်ရှား ကပြသီဆိုရသော ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သည့်အတွက် လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်များ အလွန်များပြားကြောင်း မြင်တွေ့ရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**



## ဖျာပုံမြို့အတွင်း ပေ ၄၀၀၀ ကျော်ရှည်သည့် နိုင်လွန်ကတ္တရာလမ်းခင်းမည်

**ဖျာပုံ နိုဝင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအင် စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေးသည် နိုဝင်ဘာ ၉ ရက်၊ မွန်းလွဲ ၁ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ပြည်သူလူထုနှင့်တွေ့ဆုံ၍ ဖျာပုံမြို့နယ်အတွင်း ဆောင်ရွက်မည့် AC နိုင်လွန်ကတ္တရာ ခင်းခြင်း၊ လျှပ်စစ်မီး တပ်ဆင်ခြင်း လုပ်ငန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးဦးဝင်းငွေးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဝင်းထွဋ်တို့က အမှာစကားပြောကြားခဲ့ပြီး ဖျာပုံခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇောက (AC)နိုင်လွန်ကတ္တရာလမ်းခင်း ကျင်းမည့် လုပ်ငန်းစဉ်များအားလည်းကောင်း၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာမှူး ဦးသန်းလွင်မြင့်က လမ်းမီးထွန်းညှိခြင်း လုပ်ငန်းများအား လည်းကောင်း၊ ခရိုင်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သန်းက ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းများနှင့် ပတ်သက်၍ရှင်း လင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာသူများက မေးမြန်းအကြံပြုရာ တိုင်းဒေသကြီးဝန်ကြီးနှင့်တာဝန်ရှိသူများကပြန်လည်ဖြေကြားခဲ့သည်။

ဖျာပုံမြို့အတွင်း AC နိုင်လွန်ကတ္တရာလမ်းခင်းခြင်းနှင့် လျှပ်စစ်မီးတိုင်များတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဖျာပုံမြို့ ပထမလမ်း ဖျာပုံတံတားကြီးအောက်မှ ရှင်ရဲထွဋ်လမ်းထိပ်၊ ရှင်ရဲထွဋ်လမ်းတစ်လျှောက်၊ ဒုတိယလမ်းတစ်လျှောက် သီရိမြိုင်လမ်းထိပ်အထိ အရှည်ပေပေါင်း ၄၆၆၅ ပေနှင့် အကျယ်အနေဖြင့်လက်ရှိရှိနေသော လမ်းအကျယ်ပေါ်မူတည်၍ ရေမြောင်းချန်ကာ ၂၂ ပေမှ ပေ ၃၀ အကျယ်အထိ ခင်းကျင်းမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




## မကွေးမြို့ရှိ ရပ်ကွက်အတွင်းလမ်းများ အဆင့်မြှင့်တင်မည်

**မကွေး နိုဝင်ဘာ ၁၁**
ပြည်သူထည့်ဝင်ငွေ ၄၀ ရာခိုင်နှုန်း၊ စည်ပင်ထည့်ဝင်ငွေ ၆၀ရာခိုင်နှုန်းဖြင့် မကွေးမြို့တွင်း ရပ်ကွက်မြေသား လမ်းများကို ကွန်ကရစ်လမ်းများ အဖြစ် အဆင့်မြှင့်တင်လျက်ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လမ်းပေါင်း ၉၀ အဆင့်မြှင့်တင်သွားမည် ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။



" လမ်းပေါင်း ၉၀ ကွန်ကရစ်ခင်းဖို့ တွက်ချက်ပြီး အစိုးရကိုတင်ပေးလိုက်ပြီ။ ဒီနှစ်ထဲမှာ ခင်းနိုင်ဖို့ အစိုးရဘက်က ကူညီမှာပါ။ လာမယ့် ၂၀၂၀ မှာ ခင်းပြီးလို့ရှိရင် ကန်သာရပ်ကွက် အေအုပ်စုနဲ့ ဘီအုပ်စုတွေဆို အကုန်ကွန်ကရစ်လမ်းဖြစ်တော့မှာ။မြို့ဟောင်းရပ်ကွက်မှာလည်း ခင်းစရာ ငါးလမ်း၊ ခြောက်လမ်းလောက်ပဲ ကျန်တော့မှာပါ။ သိင်္ဂါရပ်ကွက်မှာဆိုလည်း ၈၀ ရာခိုင်နှုန်းလောက် ပြီးသွားတော့မှာ " ဟု စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

လမ်း၉၀ခင်းရန်ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ကျော် ကုန်ကျနိုင်ပြီး စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် သိန်းတစ်သောင်းကျော် စိုက်ထုတ်ရမည်ဖြစ်ကြောင်း၊ စည်ပင်ဘက်မှ အလုံးစုံ မစိုက်ထုတ်နိုင်သဖြင့် တတ်နိုင်သမျှ လျှာထားပြီး လိုငွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြတောင်းခံရာ အစိုးရဘက်မှ စိုက်ထုတ်ကူညီမည် ဖြစ်ကြောင်း သိရသည်။

"အရင်နှစ် ဘတ်ဂျက်မှာ လမ်းပေါင်း ၄၃ လမ်းကိုအဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ အခုနှစ်မှာပြည်သူပါဝင်မှုနှုန်းက ပိုမြင့်လာတယ်။ ပြည်သူတွေက လမ်းခင်းဖို့ တော်တော်ကိုစိတ်ဝင်စားလာကြတယ်။ ပြည်သူလိုက်မလာရင် စည်ပင်က ဘယ်လောက်လုပ်ချင် လုပ်ချင် လုပ်မရဘူး။ ပြည်သူပူးပေါင်းလာတာကို အထူးတလည်ကို ကျေးဇူးတင်ရမှာ " ဟု ဦးဖိုးနီ က ပြောသည်။

စည်ပင်အနေဖြင့် ရပ်ကွက်လမ်းကြားတွင် လမ်းအကျယ် ၁၄ ပေ၊ လမ်းသွယ်တွင် ၁၆ပေ၊ မိန်းလမ်း၌ ၁၈ ပေခင်းမည်ဆိုသည့်မူရှိကြောင်း၊ ယခုနှစ်တွင်အချို့ရပ်ကွက်များကငွေထည့်ဝင်မှုလက်လှမ်းမမီ၍ ၁၄ ပေ ခင်းရမည့်လမ်းကို ၁၂ပေခင်းမည်ဆိုသည့် ချွင်းချက်အချို့ရှိကြောင်း၊ လမ်းခင်း လုပ်ငန်းသည် လမ်းကော်မတီနှင့် စည်ပင်သာယာအဖွဲ့၏ ကြီးကြပ်မှုအောက်တွင်ရှိပြီးတင်ဒါအောင်ကုမ္ပဏီက လမ်းအရည်အသွေးအတွက် ကုမ္ပဏီမှ နှစ်နှစ်အာမခံရကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ကျေးရွာ ၅၀၀ ကျော်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖော်ဆောင်မည်

**မုံရွာ နိုဝင်ဘာ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၅ မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ကို ကျေးရွာ ၅၁၁ ရွာ၌ ထပ်မံပြီး အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင် လုပ်ကိုင်ပေးလျက်ရှိရာ ၎င်းအထဲမှစီမံကိန်းတစ်ခုဖြစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) မှ စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့် ကျေးရွာများသို့ စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ပြီး ၎င်းစီမံကိန်းပံ့ပိုးငွေနှင့် ကျေးရွာနေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကသာခရိုင်အတွင်း ကျေးရွာ ၁၃၈ ရွာ၊ ကလေးခရိုင်အတွင်းကျေးရွာ ၁၁၀၊ ကန့်ဘလူခရိုင်အတွင်း ကျေးရွာ ၁၈ ရွာ၊ ခန္တီးခရိုင်အတွင်း ကျေးရွာ ၃၄ ရွာ၊ စစ်ကိုင်းခရိုင်အတွင်း ကျေးရွာ ၃၂ ရွာ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာ ၆၈ ရွာ၊ မုံရွာခရိုင်အတွင်း ကျေးရွာ ၇၁ ရွာ၊ မော်လိုက်ခရိုင်အတွင်းကျေးရွာ ၂၁ ရွာ၊ ယင်းမာပင်ခရိုင်အတွင်း ကျေးရွာ ၆၈ ရွာ၊ ရွှေဘိုခရိုင်အတွင်း ၁၀၅ ရွာ စီမံကိန်းကာလ လေးနှစ်အတွင်း ကျေးရွာ ၆၆၅ ရွာတွင် အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## ကင်းထောက်ငယ် ကတိခံယူပွဲနှင့် သင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၁**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကြီးမှူး၍ ကင်းထောက်ငယ် (Cub Scout) ကတိခံယူပွဲနှင့် သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ Brainworks- TOTAL International School တွင် နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်ကအမှာစကားပြောကြားပြီး Brainworks- TOTAL International School ကျောင်းအုပ်ကြီးကိုယ်စား ဆရာမကြီး ဒေါ်တင်တင်ထွေးက ကျေးဇူးတင်စကား ပြောကြားကာ ကင်းထောက်ငယ်များက ကင်းထောက်အလံကိုကိုင်ဆောင်ပြီး ကင်းထောက်ကတိ ခံယူကြသည်။

ယင်းကင်းထောက်ငယ်သင်တန်းကို သင်တန်းသား သင်တန်းသူ ကလေးငယ် ၁၇၀နှင့် ဆရာ ဆရာမ ၄၀ တက်ရောက်၍ သင်တန်းကာလမှာ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့တွင်လည်း ကင်းထောက်အခြေခံသင်တန်းကို နိုဝင်ဘာ ၂ရက်မှ ၅ရက်အထိ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၃၃ ဦး တက်ရောက်ခဲ့ပြီး ကင်းထောက်တောတွင်း စခန်းချပညာရပ်ကို ပြင်ဦးလွင်မြို့ ကန်တော်ကြီး အမျိုးသားသဘာဝဥယျာဉ် ထင်းရှူးတောတွင် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ သိရသည်။ **ကြေးမုံ**

## မိုးရေတိုက်စားမှုကြောင့် ပျက်စီးယိုယွင်းနေသည့် မိတ္ထီလာမြို့နယ် ရှင်မြို့ကျေးရွာ အောင်ရတနာတံတား ပြုပြင်ရန်လိုအပ်

**မိတ္ထီလာ နိုဝင်ဘာ ၁၁**
မိုးရေတိုက်စားမှုကြောင့် ပျက်စီးယိုယွင်းနေသည့် မိတ္ထီလာမြို့နယ် ရှင်မြို့ကျေးရွာရှိ အောင်ရတနာတံတားအား ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"အောင်ရတနာတံတားကို ရှင်မြို့ချောင်းပေါ်မှဖြတ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားတာပါ။ မိုးရေတိုက်စားမှုကြောင့် ယိုယွင်းပျက်စီးနေတာပါ။ ယိုယွင်းပျက်စီးပြီး အန္တရာယ်ရှိတဲ့ ဒီချောင်းကူးတံတားပေါ်ကပဲ ကျေးရွာဒေသခံတွေမဖြစ်မနေဖြတ်သန်းသွားလာနေရပါတယ်။ ဒါကြောင့် ဒီတံတားကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ဂဠုန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမိုးက ပြောသည်။

ရှင်မြို့ကျေးရွာသည် အိမ်ခြေ၁၀၀ ခန့်ရှိပြီး လူဦးရေ၅၆၀ ကျော်နေထိုင်ကာ ၂၀၁၆ ခုနှစ်က မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ကျေးရွာအတွင်း လူနေအိမ်ဝင်းများတွင် ချောင်းရေဝင်ရောက်လွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းကူးတံတားလည်း ပျက်စီးယိုယွင်းမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ချောင်းကူးတံတားမှာ သစ်သားတံတားအမျိုးအစားဖြစ်ပြီး အလျား ပေ ၉၀၊ အကျယ် ၁၅ပေ၊ အမြင့်ပေ ၁၀ ခန့်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

## အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း ပြည်ပ ခရီးသွားပြည်သူများဖြင့်စည်ကား

**တံတားဦး နိုဝင်ဘာ ၁၁**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပခရီးသွားပြည်သူများဖြင့် နိုဝင်ဘာ ၁၀ ရက်တွင် အထူးစည်ကားလျက်ရှိသည်။

အင်းဝရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပခရီးသွားပြည်သူများအနေဖြင့် ယဉ်ကျေးမှုနယ်မြေရှိ အထင်ကရနေရာများဖြစ်သည့် ဗားကရာကျောင်းတော်၊ မယ်နုအုတ်ကျောင်း၊ ဆင်ကျုံးခံတပ်၊ လေးထပ်ကြီးကျောင်းတော်၊ လောကသရဖူဘုရား၊ ကျန်စစ်သားမင်းတည်ထားကိုးကွယ်ခဲ့သော ထီးလှိုင်ရှင်ဘုရား၊ ရတနာဆီမီးဘုရား၊ နန်းမြင့်မျှော်စင်နှင့် ဝက်ပါမြင်းမိုရ်တောင်ဘုရားစုတို့တွင် တန်ဆောင်မုန်းလပြည့် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်များတွင် ခရီးသွားဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မီးသွေးတိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းဦးက ပြောသည်။

အခြားရက်များတွင်လည်း အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပခရီးသွားလာရောက်လည်ပတ်မှုများပြားသည့် အထင်ကရနေများသို့ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက်လည်ပတ်ကြရာ အထူးသဖြင့် နိုင်ငံခြားခရီးသွား ပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း သိရသည်။

**ရဲတင့်**
**(ပြန်/ဆက်)**

## ကျောက်ဆည်မြို့တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား၌ ရက်ရှည်ရုံးပိတ်ရက်တွင်ဘုရားဖူးများဖြင့်စည်ကား

**ကျောက်ဆည် နိုဝင်ဘာ ၁၁**
ကျောက်ဆည်မြို့နယ် အနောက်ငယ်တိုးကျေးရွာအုပ်စု ညောင်ပင်ဇောက်ကျေးရွာ အပိုင်အတွင်းရှိ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားတွင် တန်ဆောင်တိုင်ရက်ရှည်ရုံးပိတ်ရက်တွင် ကထိန်ခင်းသူများ၊ ရပ်ဝေးရပ်နီးမှဘုရားဖူးများနှင့် စည်ကားလျက် ရှိကြောင်းသိရှိရသည်။

"ကျောက်ဆည်မြို့နယ်ထဲမှာရှိတဲ့ တန်ခိုးကြီးဘုရားများနဲ့ ရှေးဘုရားတွေကိုဖူးရအောင် လာခဲ့တာပါ"ဟု ပြင်ဦးလွင်မြို့မှ ကိုရဲလွင်က ပြောသည်။

ထို့အပြင် မတ္တရာမြို့ အမှတ်(၃) ရပ်တွင် ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ကျောင်းတွင် တက်ရောက်ပညာသင်နေသည့် မောင်နေအောင်က" အခုလို မရောက်ဖူးတဲ့ နေရာဒေသတွေ၊ ဘုရားတွေဖူးရတော့ ပျော်တာပေါ့၊ ကျောင်းဖွင့်ချိန်မှာ စာတွေနဲ့ နပန်းလုံးနေရတော့ ရက်ရှည်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေမှာ လိုက်ပို့ပေးတဲ့ ကျောင်းကအုပ်ချုပ်သူများနဲ့ ခွင့်ပြုပေးတဲ့မိဘတွေကို ကျေးဇူးတင်ပါတယ်" ဟု ကျောင်းသားတစ်ဦး၏ ရင်တွင်းစကားများကို ကြားသိရသည်။ **သက်မောင် (ကျောက်ဆည်)**



## တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**စစ်ကိုင်း နိုဝင်ဘာ ၁၁**
တန်ဆောင်တိုင်ရုံးပိတ်ရက် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်မြတ်စွာဘုရားကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"သီတင်းကျွတ်လနဲ့ တန်ဆောင်မုန်းလပြည့်နေ့တွေမှာ နှစ်စဉ်ဘုရားဖူးပြည်သူများနှင့်စည်ကားလျက်ရှိပါတယ်။ ဒီနှစ်ကတော့ အရင်နှစ်တွေထက်စည်ကားတာကိုတွေ့ရပါတယ်။ ဘုရားဖူးလာပြည်သူတွေ အစစအရာရာအန္တရာယ်မရှိရအောင်လည်း လုံခြုံရေးကအစ ယာဉ်မျိုးစုံတွေကိုလည်း စည်းကမ်းတကျရပ်နားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်" ဟု ကောင်းမှုတော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က ပြောပြသည်။

"ကျွန်မတို့က မော်လမြိုင်ကနေလာပြီး အိမ်နီးချင်း မိသားစုဝင်တွေ စုပေါင်းပြီး ကောင်းမှုတော်ဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ ဘုရားဖူးပြီး လှည့်လည်ကြည့်တော့ ဘုရားအနီးမှာ နွားတွေ၊ လှည်းတွေရော၊ ချက်ပြုတ်စားသောက်နေကြတာတွေကိုတွေ့တယ်။ မေးကြည့်လိုက်တော့ နှစ်စဉ်ကျေးရွာတွေကလာပြီး မိသားစုလိုက် အပန်းဖြေအနားယူကြတာတဲ့။ မိမိတို့နဲ့ပတ်သက်တဲ့ ဘုရားဖူးလာ ဆွေမျိုးမိတ်ဆွေတွေကိုလည်းကျွေးမွေးညှော့ခံကြတယ်တဲ့။ ချစ်စရာကောင်းတဲ့ ရိုးရာဓလေ့ တစ်ခုပါပဲ"ဟု ဘုရားဖူးလာသူ မသီတာဝင်းက ပြောသည်။

**ဇော်မြင့်နိုင်**
**(ခရိုင်ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့၌ တန်ဆောင်မုန်းလ အစိုးရရုံးပိတ်ရက်အတွင်း ခရီးသွားပြည်သူများမှာ ချောင်းသာကမ်းခြေအစရှိသည့် နေရာများသို့ အပန်းဖြေလာရောက်ကြရာ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ချောင်းသာကမ်းခြေ ကျောက်မောင်နှမကမ်းများတွင် ခရီးသွားများစွာ လှေလာအပန်းဖြေနေသည်ကို ဤသို့တွေ့မြင်ရစဉ်။ **ကျော်ကျော်(မလှိုင်)**



(၈၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း မုခ်ဦးထိပ် ဇဟိုမဏ္ဍပ်၌ နိုဝင်ဘာ ၉ ရက် ညနေပိုင်းက ကျင်းပရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဇဟိုမဏ္ဍပ်မှစတင်ကာ မြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

## တန်ဆောင်တိုင်ရုံးပိတ်ရက်အတွင်း အင်းလေးကန်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ညောင်ရွှေ နိုဝင်ဘာ ၁၁**
ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်အတွင်းသို့ တန်ဆောင်တိုင် အားလပ်ရက်ရုံးပိတ်ရက်ဖြစ်သည့် နိုဝင်ဘာ ၁၀ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိ သည်။

အင်းလေးကန်သို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် ညောင်ရွှေမြို့မှတစ်ဆင့် အများဆုံးသွားရောက်လည်ပတ်ကြသည့်အပြင် အင်းလေးကန်အရှေ့ဘက်ကမ်းရှိ မိုင်းသောက်ရွာ၊ နန်းပန်ရွာမှလည်းကောင်း၊ အင်းလေးကန် အနောက်ဘက်ကမ်းရှိ လွယ်ငြိမ့်ရွာ၊ ရေပူရွာ၊ ခေါင်တိုင်ရွာတို့မှ လည်းကောင်း စက်လှေများဖြင့် သွားရောက်ကြပြီး ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ရှေးဟောင်းဘုန်းကြီးကျောင်း၊ ရက်ကန်းလုပ်ငန်း၊ ငွေထည်လုပ်ငန်းများသို့ အများဆုံးသွား ရောက်လည်ပတ်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။



**နေမျိုးသူရိန်**

## ရုံးပိတ်ရက်ကာလအတွင်း မင်းဘူးမြို့နယ်အတွင်းသို့ ဘုရားဖူးများလာရောက်လည်ပတ်

**မင်းဘူး နိုဝင်ဘာ ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့အတွင်းရှိ စက္ကိန်းတဲစေတီတော်၊ နဂါးပွက်တောင်နှင့် မန်းရွှေစက်တော်ဘုရားတို့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများလာရောက်လည်ပတ်ခြင်းဖြင့် အထူးစည်ကားလျက်ရှိသည်။

“ကျွန်မတို့က စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့ကလာတာပါ၊ ရုံးပိတ်ရက်ကလေးရက်၊ ကလေးတွေလည်း ကျောင်းပိတ်ရက် ဆိုတော့ မကွေးမြို့က အမျိုးတွေဆီလာရောက်တာဖြစ်ပါတယ်၊ ကျွန်မတို့ စက္ကိန်းတဲဘုရားဖူးပြီး နဂါးပွက်တောင်ကို လာရောက်တာ ဖြစ်ပါတယ်၊ ဆက်ပြီး မန်းရွှေစက်တော်ဘုရားကို သွားမှာဖြစ်ပါတယ်၊ ရုံးပိတ်ရက်ဆိုတော့ ဘုရားဖူးပြည်သူတွေ လာရောက်ကြတာတွေ့တော့ ဝမ်းသာမိပါတယ် ”ဟု ဒေါ်အေးအေးမြင့်က ပြောသည်။

အလားတူ မင်းဘူးမြို့နယ်အတွင်းရှိ သမိုင်းဝင် မန်းရွှေစက်တော်ဘုရားတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ အဆိုပါ မန်းရွှေစက်တော်ဘုရားပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ဖေဖော်ဝါရီ ၁၇ ရက် အထိ သုံးလနီးပါးကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# ဘားအံမြို့နယ်အတွင်း တန်ဆောင်တိုင်ရုံးပိတ်ရက် ဘုရားဖူးနှင့်လည်ပတ်သူများဖြင့်စည်ကား

**ဘားအံ နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း အထင်ကရဂူဘုရားများသို့ ဘုရားဖူး၊ အပန်းဖြေလာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

အထင်ကရဂူဘုရားများဖြစ်သောကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ဇွဲကပင်တောင်ခြေလုမ္ဗိနီဥယျာဉ်၊ ကြောင့်ကမ်လာဘ်ဘုရား၊ ဆဒ္ဒန်ဂူနှင့်ဆဒ္ဒန်ရေအိုင်၊ ကော့ကသောင်ဂူနှင့် စိမ့်စမ်းရေကန်၊ ဘုရင့်ညီဂူနှင့် ရေပူစမ်း၊ တောင်ဝိုင်းတောင်၊ ဣန္ဒာသယလိုဏ်ဂူစသည့် ဂူဘုရားများ၊ သဘာဝရေတံခွန်များဖြစ်သည့် ကျုံထော်ရေတံခွန်၊ ဇွဲကပင်တောင်အနီးရှိ စိမ့်စမ်းရေရေချိုးကန်၊ ချစ်သူ့မြိုင်ပန်းဥယျာဉ်တို့တွင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခြင်း၊ အပန်းဖြေခြင်း၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အခါကြီးရက်ကြီးများတွင် နှစ်စဉ်စည်ကားလျက်ရှိပြီး ယခုလို တန်ဆောင်တိုင်ရုံးပိတ်ရက်တွင်လည်းဘုရားဖူးခြင်း၊ အပန်းဖြေခြင်းများဖြင့် စည်ကားလျက်ရှိသည်။

"နိုင်ငံတော်အစိုးရအနေနဲ့ ဒီလိုသီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်ရက်ရှည်ပိတ်ရက်တွေ သတ်မှတ်ပေးထားတာဟာ ရပ်ဝေးတာဝန်ထမ်းဆောင်နေကြတဲ့ အစိုးရဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေမှာလုပ်ကိုင်နေသူတွေအတွက် မိဘရပ်ထံပြန်လာနိုင်တဲ့ အခွင့်အလမ်းရသွားတာပေါ့" ဟု ဒေသခံ ဦးမောင်ကိုက ပြောသည်။



ပဲခူးတိုင်းဒေသကြီးဘက်မှ လာရောက်လည်ပတ်သူ ဦးအုန်းမောင်က အခုရောက်လာတာဆိုရင် ပထမဦးဆုံးအခေါက်ပါပဲ၊ အိမ်နီးနားချင်းမိတ်ဆွေတွေနဲ့စုပြီး ကားစီးလုံးငှားလာရောက်လည်ပတ်ကြတာပါ၊ သမီးအကြီးက ကျောင်းဆရာမ၊ သားလတ်ကကျောင်းသားပေါ့ သူတို့ကိုဒီလိုတန်ဆောင်တိုင်ပိတ်ရက်မှာလိုက်ပို့ဖို့ အခွင့်သင့်တုန်းလေးလာရတာပါ၊ သထုံမြို့မှာရှိတဲ့ ဘုရားတွေ အရင်ဖူးပြီး ဘားအံက ဘုရင့်ညီဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ အခုဒီကျောက်ကလာဘ် (ကြောင့်ကမ်လာဘ်)ဘုရားလာဖူးရင်း စတုဒိသာသက်သတ်လွတ်ထမင်းစားပြီးရင် ဆက်သွားစရာရှိသေးတယ်တဲ့ ညနေစောင်းမှ ပြန်ကြမှာပါ" ဟုပြောသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ဖန်းမောက်မြို့ ဇလုံတောင်တော်၌ ဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိ

**ဖန်းမောက် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်တော်သို့ ဘုရားဖူးခရီးသွားများသည် နိုဝင်ဘာ ပထမပတ်မှ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဇလုံတောင်တော် တောင်တက်ကားလမ်းများ ပျက်စီးနေမှုကို အောက်တိုဘာလ ဒုတိယပတ်က ပြုပြင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် တောင်တက်လမ်း ပြီးစီးသွားသောကြောင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ နိုဝင်ဘာ လဆန်းပိုင်းက စတင်ဝင်ရောက်လျက်ရှိပြီး ရုံးပိတ်ရက် လေးရက်အတွင်း ဇလုံတောင်တော်မြတ်ကြီးအား လာရောက်ဖူးမြော်နေကြသည်ကို တွေ့မြင်နေရသည်။

ဇလုံတောင်တစ်ခုလုံး၏ ပတ်ဝန်းကျင်တစ်ခုလုံးကို သစ်တောကြိုးဝိုင်းများဖြင့် ဝန်းရံထားခြင်းဖြစ်ပြီး ကျောက်တောင်ကြီး လေးခုပူးကပ်ကာဖြစ်ပေါ်နေသော တောင်ကြီးဖြစ်၍ ဘုရားဖူးဧည့်သည်ပြည်သူ စိတ်ဝင်စားမှုပိုမိုများပြားလာပြီး သဘာဝ ခရီးသွားလာရေး နယ်မြေအဖြစ် တိုးမြှင့်ဆောင်ရွက်ထားသောကြောင့် တန်ဆောင်တိုင်ပွဲတော်အတွင်း ဘုရားဖူးခရီးသွားများဖြင့် စည်ကားစွာလာရောက်ဖူးမြော်နေကြသည်ကို တွေ့မြင်ရသည်။

ဖန်းမောက်မြို့နယ်အတွင်း ဘုရားဖူးခရီးသွားဧည့်သည်များသည် နံနက် ၅ နာရီဆိုလျှင် ရွှေနှစ်တောရ မဟာဗောဓိမြိုင် ဆရာတော်အား သွားရောက်ဖူးမြော် ကြည်ညိုနေကြသည်မှာလည်း စည်ကားလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး အပြန်တွင် ဇလုံတောင်တော်ဘုရားသို့ သွားရောက်ဖူးမြော်လျက်ရှိသည်။

ဘုရားဖူးခရီးသွားဧည့်သည်များသည် မိမိအရပ်ဒေသသို့ အပြန်တွင် ဖန်းမောက်မြို့မ စည်ပင်သာယာဈေးတွင် ငါးလေးချဉ်၊ ငါးကြီးချဉ်၊ ငါးဖယ်ဝိုင်းငါးပိကောင်များနှင့် ဒေသထွက် ဟင်းသီးဟင်းရွက်များကိုပါ ဝယ်ယူနေကြသည်ကို တွေ့မြင်ရသည်။

ယခုလက်ရှိတွင် ဇလုံတောင်တက်မော်တော်ယာဉ်များကို ခမိုးအပန်းဖြေကားဝင်းစခန်းတွင် စတင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ တစ်ရက်လျှင် တောင်တက်ကား ၆၅ စီးမှ အစီး ၇၀ နီးပါး တက်ရောက်နေကြောင်း တောင်တက်မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးဘလင်း၏ ပြောပြချက်အရ သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

## ထားဝယ်မြို့ ဘုရား၊ ပုထိုး၊ စေတီများတွင် ဘုရားဖူးများဖြင့် စည်ကား

**ထားဝယ် နိုဝင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ အထင်ကရဘုရားများ၊ စေတီပုထိုးများတွင် နိုဝင်ဘာ ၁၁ ရက်က ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဥပုသ်သီလ ဆောက်တည်သူများဖြင့်စည်ကားလျက်ရှိသည်။

ထို့နောက် ထားဝယ်မြို့ ကျက်သရေဆောင် ရွှေတောင်စား စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင်အထင်ကရဘုရားများတွင် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှစ၍ ထားဝယ်မြို့ရှိ ဒေသခံပြည်သူများအပါအဝင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ဗုဒ္ဓဘာသာဝင်များပီပီ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး ဘုရား၊ ပုထိုး၊ စေတီများတွင် အဓိဋ္ဌာန် ပုတီးစိပ်ခြင်း၊ ဂုဏ်တော်များနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

"သာမန်ရက်နေ့ထက် နေ့ထူးနေ့မြတ်တန်ဆောင်မုန်းလပြည့်နေ့ဖြစ်တာကြောင့် ဘုရားဖူးသူများတယ်။ ရုံးပိတ်ရက်နဲ့ ကျောင်းပိတ်ရက်ဆုံနေတာကြောင့် မိသားစုအလိုက် လာရောက်ဖူးမြော်ကြည်ညိုသူက များတယ်။ ထားဝယ်ဒေသမှာဆိုရင် သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများ၊ အထင်ကရဘုရားများကို လာရောက်ဖူးမြော်ကြည်ညိုသူများပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်များ အနည်းငယ်သာ လာရောက်ဖူးမြော်ပါတယ်" ဟုရှင်ပင်ခရုဘုရားဂေါပကဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ စိတ်ဝင်စားဖွယ် သမိုင်းကြောင်းများ၊ သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများ၊ ဘုရား၊ ပုထိုး၊ စေတီများမှာထင်ရှားကျော်ကြားလျက်ရှိပြီး အပန်းဖြေနားနေစရာအဖြစ် မောင်းမကန်ကမ်းခြေအပါအဝင် ကမ်းခြေများ၌လည်း ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရုံးပိတ်ရက်သည် နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ လေးရက်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းမိသားစုများက ထားဝယ်ခရိုင်အတွင်းရှိ ရှင်ကိုးရှင်ဘုရားများနှင့် ဘုရားစေတီပုထိုးများ၊ အပန်းဖြေနေရာများကို သွားရောက်လည်ပတ်ကြသည်။

အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများက မိမိအတွက်သာမက မိသားစုအတွက်ပါ တန်ဖိုးကြီးမားကြသည်။ အချို့ကလည်း မိမိတို့ကြိုတင်စီစဉ်ထားသော ရပ်နီးရပ်ဝေး ဘုရားဖူးခရီးစဉ်များ၊ အပန်းဖြေ ခရီးထွက်ခြင်းများ၊ ဒေသန္တရဗဟုသုတများကို ရှာဖွေခဲ့ကြကြောင်း သိရသည်။

**ထားဝယ်(ခရိုင်ပြန်/ဆက်)**



# အင်အားကြီးနှစ်သင်းဆုံတဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၂)မှာ လီဗာပူးက မန်စီးတီးကို အနိုင်ရပြီး ဇယားထိပ်မှာ ကိုးမှတ်ဖြတ်ထား



ပရီမီယာလိဂ်ပွဲစဉ် ၁၂ ရဲ့ အကောင်းဆုံးပွဲစဉ်ဖြစ်တဲ့အပြင် ချန်ပီယံအသင်းအတွက် အဆုံးအဖြတ်ဖြစ်လာဖို့ရှိတဲ့ အင်အားကြီးအသင်းနှစ်သင်းဖြစ်တဲ့ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ဆုံတွေ့မှုမှာ လီဗာပူးအသင်းက မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် မန်စီးတီးအသင်းကို ကိုးမှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာ ပွဲကစားချိန် ခြောက်မိနစ်မှာပဲ ဖာဘင်ဟိုရဲ့ သွင်းဂိုးတစ်ဂိုးနဲ့ အိမ်ကွင်းမှာ စတင်ဦးဆောင်နိုင်ခဲ့ပြီး ၁၃ မိနစ်မှာ ဆာလာရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့လို့ လီဗာပူးအသင်းက ပထမပိုင်းပွဲချိန်အတွင်းမှာ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ အဝေးကွင်းမှာလာရောက်ကစားခဲ့ရပေမယ့် ဘောလုံးပိုင်ဆိုင်မှုကို အရယူပြီး ခြိမ်းခြောက်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းကလည်း တိုက်စစ်ပိုင်းမှာ ကြမ်းကြမ်းတမ်းတမ်းကစားနိုင်ခဲ့လို့ ပွဲကစားချိန် ၅၁ မိနစ်မှာ ဆာဒီယိုမာနေးရဲ့ သွင်းဂိုးနဲ့ သုံးဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပါတယ်။ ပွဲကစားချိန် ၇၈ မိနစ်မှာ ဘာနာဒိုဆေးလ်ဗားရဲ့ သွင်းဂိုးကိုခွင့်ပြုပေးလိုက်ရလို့ လီဗာပူးအသင်းက မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအခုလိုရှုံးနိမ့်ခဲ့ရတာဟာ လာပေါ့တီနဲ့ အီဒါဆန်တို့ မပါဝင်နိုင်ခဲ့လို့ နောက်တန်းခံစစ်က အားနည်းချက်တွေရှိခဲ့တဲ့အပြင် တိုက်စစ်ပိုင်းမှာလည်း စတာလင်နဲ့ အဂူရိုတို့အခွင့်အရေးတွေ ဆုံးရှုံးခဲ့လို့လည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းကတော့ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့လို့ အခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ် ၁၂ အပြီးမှာ ၁၁ ပွဲအထိ အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာအတွက်တော့ နည်းပြကလော့နဲ့ ဆုံတွေ့ခဲ့တဲ့ပြိုင်ပွဲစုံမှာ ရှစ်ပွဲအထိရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။

ဒါ့အပြင် လီဗာပူးအသင်းဟာ အိမ်ကွင်းပရီမီယာလိဂ်ပွဲစဉ် နောက်ဆုံး ၁၇ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင် ခဲ့တာဖြစ်ပြီး တိုက်စစ်မှူးဆာလာကတော့ ပြိုင်ပွဲအရပ်ရပ်မှာ လီဗာပူးအသင်းအတွက် အိမ်ကွင်းအန်ဖီးလ်မှာ ကစားခဲ့တဲ့ ပွဲစဉ် ၆၀ မှာ ၆၉ ဂိုးအထိ ပါဝင်ပတ်သက်မှုရှိလာခဲ့တာ ဖြစ်ပါတယ်။ ဆာလာဟာ ၅၁ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၁၈ ကြိမ်ဂိုးဖန်တီးထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးတိုက်စစ်မှူး ဆာဒီယိုမာနေးကတော့ အန်ဖီးလ်မှာ ပရီမီယာလိဂ်သွင်းဂိုး ၂၂ ဂိုးပြည့်ခဲ့တာ ဖြစ်ပြီး မန်စီးတီးအသင်းကတော့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်း ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်အတွင်း သွင်းဂိုးနှစ်ဂိုးခွင့်ပြုပေးလိုက်ရတာဟာ ပထမဆုံးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အခုပွဲစဉ်အနိုင်ရခဲ့လို့ ဒုတိယနေရာနဲ့ တတိယနေရာက ရမှတ် ၂၆ မှတ်စီနဲ့ အသီးသီးရပ်တည်နေတဲ့ လက်စတာနဲ့ ချယ်လ်ဆီးကို ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့ပါတယ်။ မန်စီးတီးအသင်းကတော့ ရှုံးပွဲကြုံခဲ့လို့ အဆင့်လေးနေရာအထိ ဆင်းပေးလိုက်ရတဲ့အပြင် ရမှတ် ၂၅ မှတ်နဲ့ ထိပ်ဆုံးကလီဗာပူးအသင်းနဲ့ ကိုးမှတ်အထိ ကွာဟသွားခဲ့တာဖြစ်ပါတယ်။

လာမယ့်ပရီမီယာလိဂ်ပွဲစဉ် ၁၃ မှာတော့ လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့အသင်းအိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပြီး မန်စီးတီးအသင်းက ချယ်လ်ဆီးအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာ ဖြစ်ပါတယ်။

# မန်ယူအသင်းက တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို ပြန်လည်ခေါ်ယူဖွယ်ရှိနေ




အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ၂၀၁၈ ခုနှစ်က မန်ယူအသင်းကနေ ထွက်ခွာပြီး မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းဆီ ပြောင်းရွှေ့သွားခဲ့တာဖြစ်ပြီး နှစ်ရာသီကြာကစားအပြီးမှာ အီဘရာဟီမိုဗစ်ချ်ဟာ အယ်လ်အေဂလက်ဆီအသင်းအတွက် သွင်းဂိုး ၂၉ ဂိုးအထိ သွင်း ယူပေးထားနိုင်ခဲ့ပါတယ်။

ဒါကြောင့် မန်ယူအသင်းအနေနဲ့ အီဘရာဟီမိုဗစ်ချ်ကို တိုက်စစ်ပိုင်းအားဖြည့်ဖို့အတွက် ပြန်လည်ခေါ်ယူဖွယ်ရှိတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ အီဘရာဟီမိုဗစ်ချ်ဟာ နည်းပြမော်ရင်ဟိုလက်ထက်က မန်ယူအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလားနဲ့ ကာရာဘာအိုဖလားတို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြဆိုးရှားလက်ထက် အခုဘောလုံးရာသီမှာ လူကာကူနဲ့ ဆန်းချက်ဇ်တို့ကို အင်တာမီလန်အသင်းဆီ ရောင်းချခဲ့ပြီးချိန်မှာ ရလဒ်ပိုင်းဆိုးရွားနေတာကြောင့် ဂျူဗင်တပ်တိုက်စစ်မှူး မန်ဇူကစ်ကိုလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ငွေကြယ် - စုစည်းသည်

## အနုပညာ

အေးပြည့် - စုစည်းသည်



### ၂၀၁၉ ခုနှစ်အတွက် အလှဆုံးမိုးနိုင်ဆုံးသော အာရှအမျိုးသမီးအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ စီအယ်လ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1 ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်မှသည် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်နေသူ စီအယ်လ်ဟာ တေးဂီတလောကမှာသာမက ဖက်ရှင်ပိုင်းမှာပါ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ပါတယ်။ သူဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ "People's Choice Awards" ဆုပေးပွဲမှာ အလှမ်းမိုးနိုင်ဆုံးသော အာရှအမျိုးသမီးအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၁၀ ရက်ညမှာ ပြုလုပ်ခဲ့တဲ့ ဆုပေးပွဲမှာ စီအယ်လ်ဟာ အခြားသော အာရှကြယ်ပွင့်တွေနဲ့ အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ရာကနေ ယခုနှစ်အတွက် အလှမ်းမိုးနိုင်ဆုံးသောအာရှအမျိုးသမီးအဖြစ် မဲအများဆုံးရရှိကာ ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။လတ်တလောမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရက်ပ်တေးသံရှင် စီအယ်လ်ဟာ တစ်ကိုယ်တော်တေးသံရှင်အဖြစ် တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့စဉ်ကတည်းက သူ့ရဲ့တေးသီချင်းတွေမှာ ကြံ့ခိုင်ပြီး လွတ်လပ်တဲ့အမျိုးသမီးတွေရဲ့ အငွေ့အသက်တွေကို ထည့်သွင်းဖန်တီးခဲ့တာ တွေ့ရပါတယ်။ သူဟာ ကမ္ဘာ့ထိပ်တန်းအမှတ်တံဆိပ်တွေဖြစ်ကြတဲ့ Urban Decay နဲ့ Adidas တို့ရဲ့ ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ်လည်း ခန့်အပ်ခြင်းခံထားရသူ ဖြစ်ပါတယ်။

ဒီဆုဟာ စီအယ်လ်အနေနဲ့ သူနဲ့ နှစ်အတော်ကြာလက်တွဲလာခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲပြီးနောက် ပထမဆုံးရရှိခဲ့တဲ့ ထူးချွန်ဆုလည်း ဖြစ်ပါတယ်။

### Friends ဟာ ဘဝကပေးတဲ့ လက်ဆောင်ပါလို့ ဆိုလိုက်တဲ့ ဂျနီဖာအန်နစ်စတန်

ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသမီးတစ်ဦးဖြစ်သူ ဂျနီဖာအန်နစ်စတန်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ "People's Choice Awards" ဆုပေးပွဲမှာ ယခုနှစ်အတွက် Icon Award ကို ဆွတ်ခူးရရှိခဲ့တာ ဖြစ်ပါတယ်။ ဆုလက်ခံရယူအပြီး အမှတ်တရစကား ပြောကြားစဉ်မှာ ဂျနီဖာအန်နစ်စတန်က သူ့ရဲ့ ရုပ်ရှင် "Friends" ဟာ သူ့အတွက်တော့ ဘဝကပေးတဲ့ လက်ဆောင် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၅၀ အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာအန်နစ်စတန်က နိုဝင်ဘာ ၁၀ ရက် ညက လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ ဆုပေးပွဲမှာ သူ့ရဲ့ရုပ်သံဇာတ်လမ်းတွဲ "Friends" အကြောင်း ထည့်သွင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကို ငွေးကြေးအတွက် ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့တာ ဖြစ်ပေမယ့် အဆိုပါရုပ်ရှင်ဟာ သူ့အတွက်တော့ ဘဝကပေးတဲ့ လက်ဆောင် ဖြစ်တယ်လို့ ဂျနီဖာအန်နစ်စတန်က ထူးချွန်ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားစဉ်မှာ ထည့်သွင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဂျနီဖာအန်နစ်စတန်ဟာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် "People's Choice Awards" ဆုပေးပွဲတွေမှာ ထူးချွန်ဆု ခုနစ်ဆု လက်ခံရရှိခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

### TWICE အဖွဲ့ဝင်အားလုံး ယခုနှစ်ရဲ့ အလှဆုံးမျက်နှာပိုင်ရှင်များအဖြစ် ဆန်ခါတင်စာရင်းဝင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ရဲ့ အဖွဲ့ဝင်ကိုးဦးစလုံးဟာ ယခုနှစ်အတွက် အလှဆုံးသော မျက်နှာပိုင်ရှင် ၁၀၀ စာရင်းမှာ ဝင်ရောက်နိုင်ဖို့ရာ လတ်တလောမှာတော့ ဆန်ခါတင်စာရင်းဝင်ခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

TC Candler က ရွေးချယ်ဖော်ပြပေးတဲ့ ယခုနှစ်အတွက် အလှဆုံးသော မျက်နှာပိုင်ရှင် ၁၀၀ စာရင်းမှာ TWICE ရဲ့ အဖွဲ့ဝင်အားလုံးပါဝင်နေတာဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ တေးသီချင်းတွေ၊ လှပတက်ကြွတဲ့ ကဟန်တွေ၊ ချစ်စရာကောင်းတဲ့ ဟန်ပန်အမူအရာတွေနဲ့ ဆွဲဆောင်မှုရှိတဲ့ ဖျော်ဖြေတင်ဆက်မှုတွေကြောင့်သာမက အဖွဲ့ဝင်တွေရဲ့ လှပမှုကြောင့်လည်း ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။



# ကျိုက်ထီးရိုးစေတီတော်မြတ်အား ဘုရားဖူးသူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေး ဆောင်ရွက်ထား

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကမ္ဘာ့အံ့ဖွယ်တစ်ခုဖြစ်သည့် ကျိုက်ထီးရိုးစေတီတော်မြတ်အား ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေးအတွက် စီမံဆောင်ရွက်မှုများနှင့် ယခုနှစ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးစိုးလှိုင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

## တွေ့ဆုံမေးမြန်း

နန္ဒကျော်စွာ

**မေး။ ယခုနှစ်ကြိုတင်ဆောင်ရွက်ချက်လေးတွေကို သိရှိပါရစေခင်ဗျာ။**

ဖြေ။ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးရဲ့ ပွဲတော်ကာလက သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပဘုရားဖူးပြည်သူတွေ စိတ်နှလုံးချမ်းမြေ့စွာဘုရားဖူးနိုင်ရေးနဲ့ လမ်းပန်းဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ရေး၊ ရင်ပြင်တော်ပေါ်မှာ ရောင်းချနေတဲ့ဈေးသည်တွေ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေ သတ်မှတ်ထားတဲ့ ဈေးနှုန်းအတိုင်းရောင်းချနိုင်ရေး၊ နေရေးထိုင်ရေးနဲ့ အခန်းခကအစပေါ့။ ဘုရားဖူးများအေးချမ်းပျော်ရွှင်စွာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အသေးစိတ်သက်ဆိုင်သူတွေနဲ့တိုင်ပင်ညှိနှိုင်း စီမံချက်ရေးဆွဲပြီး ဆောင်ရွက်နေပါတယ်။



**မေး။ ယခင်နှစ် ဘုရားဖူးပြည်သူတွေရဲ့ အတွေ့အကြုံကို အခြေခံပြီး ပြုပြင်လုပ်ဆောင်ပေးထားတဲ့ အခြေအနေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ယခင်နှစ်က ပွဲတော်ကာလ ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည် အရေအတွက် သိန်း ၃၀ ကျော်အထိ လာရောက်ခဲ့တယ်လို့ ခန့်မှန်းပါတယ်။ ဈေးသည်တွေရောင်းချနိုင်ဖို့အတွက် သတ်မှတ်နေရာ ရောင်းချနိုင်ရေး စီမံထားပါတယ်။ တစ်ဖက်မှာလည်း ပြည်တွင်း၊ ပြည်ပဧည့်သည်တွေအတွက် အခပေးတည်းခိုဆောင်များ၊ အခမဲ့တည်းခိုနိုင်တဲ့ ဆီမီး(၉၀၀၀) ဓမ္မာရုံ၊ ထမင်းဆိုင်များရှိအခန်းများ (တည်းခိုနိုင်လောက်သည့် အခန်းများ) အားလုံး သတ်မှတ်ဈေးနှုန်းများနဲ့ အခမဲ့/အခပေး တည်းခိုနိုင်ဖို့ လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားပါတယ်။ နိုင်ငံခြားသားဘုရားဖူးများအတွက်ကိုလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့အညီ တည်းခိုနိုင်ရန်အတွက် စီမံဆောင်ရွက်ထားပါတယ်။

**မေး။ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း သိပါရစေ။**

ဖြေ။ ရွှေနန်းကျင်အတက်လမ်းမှ ခြသေ့်နှစ်ကောင်အထိ တောင်ထိပ်မှာဖြစ်လို့ ချဲ့လို့ရတဲ့အနေအထားအထိ (၁၉)ပေခွဲကို ချဲ့ထားပါတယ်။ ပြစ်မှုများကြိုတင်ကာကွယ်နိုင်ဖို့ CCTV တပ်ဆင်တဲ့လုပ်ငန်းများလည်း လုပ်ဆောင်နေပါ တယ်။ တောင်ပေါ်ဒေသဖြစ်လို့ ဘုရားဖူးတွေ တည်းခိုနိုင်အောင် တိုးချဲ့လို့ရတဲ့ နေရာတွေမှန်သမျှလုပ်ဆောင်နေပါတယ်။ ဘုရားဖူးတွေ သက်သောင့်သက်သာနဲ့ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲပြီး လုပ်ဆောင်နေပါတယ်။

**ဦးခွန်သိန်းဆွေ(ဝန်ထမ်း၊ ငြိမ်း)**



ယခုနှစ် ဘုရားဖူးရတာ အတော်အဆင်ပြေပါတယ်။ ကင်မွန်းစခန်းကနေ ကေဘယ်အထိတောင်တက်ကား၊ ကေဘယ်ကအဆုံးမှာ ခြေကျင်ခရီးစဉ်အတွက် သွားလာတဲ့နေရာမှာ ကျန်းမာရေးမကောင်းတဲ့ သူများအတွက် အထမ်းအလုပ်သမားအဖွဲ့၊ ခရီးဆောင်အိတ်သယ်ဖို့ အထမ်းသမားတွေကို အဆင်သင့်တွေ့ရှိရပါတယ်။ ယခင်ဘုရားဖူးလာတဲ့နေရာမှာ စိတ်မချမ်းမြေ့စရာမြင်ကွင်းတွေ အတော်နည်းပါးသွားတဲ့အပြင် ရင်ပြင်တော်မှာသွား လာရတာလည်း သန့်ရှင်းသပ်ရပ် နေတာတွေ့ရပါတယ်။

**သထုံမြို့မှ မခင်စန္ဒာမြင့်**



အများပြည်သူရုံးပိတ်ရက်ပေမယ့် ယခင်ကလို စိတ်အနှောင့်အယှက်မဖြစ်ရဘဲ သွားလာလို့ရလို့ စိတ်ချမ်းသာပါတယ်။ ကျီးကန်းပါးစပ်သွားတဲ့လမ်းက ကျဉ်းပြီးဈေးသည်အနည်းငယ်က ရောင်းချနေတော့ သွားလာရခက်တာလေး တစ်ခုတော့ရှိတာပေါ့လေ။ ခြသေ့်နှစ်ကောင်အရှေ့က လမ်းတွေမှာတော့ ဈေးမရောင်းရဆိုတဲ့ နေရာမှာ ဈေးသည်တွေတော့ မတွေ့တော့ပါဘူး။ အရင်လို လမ်းမကျဉ်းတော့ဘူး။ ရုံးပိတ်ရက်မှာ ဘုရားဖူးလာတဲ့ပြည်သူတွေအနေနဲ့ ဘုရားလည်းဖူးရင်း တောင်ပေါ်က လေနုအေးတွေကို ရှူရှိုက်ရလို့ စိတ်ရွှင်လန်းတက်ကြွစေပါတယ်။ တည်းခိုရတာလည်း ယခင်နှစ်များထက် ပိုမိုလွယ်ကူပြီး တောင်ပေါ်လုပ်ငန်းရှင်တွေရဲ့ ဆက်ဆံရေးတွေကအစ ပြောင်းလဲလာကြတာကိုတွေ့ရလို့ ဝမ်းသာရပါတယ်။

# သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်တွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် (၃၈)ကြိမ်မြောက် တန်ဆောင်တိုင်မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကို နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီက အဆိုပါ စေတီတော်ရှုခင်းသာတန်ဆောင်း၌ ကျင်းပသည်။



သန်လျင်တပ်နယ်မှူး ဗိုလ်ချုပ်ဌေးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး(ယာယီ)သက်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြကာ ရက်ကန်းစင်တော်ကိုးစင်တို့၏ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။ **သက်ခိုင်(သန်လျင်)**

# သထုံတွင် မြို့လုံးကျွတ်တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော် ကျင်းပ

**သထုံ နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် မြို့လုံးကျွတ်တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်က အဆိုပါ စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ် တွင် အစဉ်အလာမပျက် စည်ကားစွာကျင်းပသည်။

သထုံမြို့နယ်၏ ဩဝါဒါစရိယ နာယက ဆရာတော်ကြီးများနှင့် ကျောင်းတိုက် အသီးသီးမှ သံဃာတော်များက ကြွချီအလှူခံယူတော်မူကြရာ အခြေခံပညာ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများအလိုက် စုပေါင်းအသင်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်အသီးသီးတို့က ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူကြသည်။

သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၃၇ ကျောင်းမှ သံဃာတော် ၁၆၂၁ပါးနှင့် သီလရှင်ကျောင်း ၈၄ ကျောင်းမှ သီလရှင် ၂၉၂ ပါးတို့အား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပဲခူးမြို့တွင် စတုဒိသာအလှူပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၁**

ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက် ဘက်မုခ် ဗုဒ္ဓအသံဓမ္မဗိမာန်ရှေ့ စတုဒိသာမဏ္ဍပ်တွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီမှစတင်၍ နဝမအကြိမ်မြောက် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးမြို့ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင် ပြည်သူများ စုပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ပဲခူးမြို့ပေါ်ရှိ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက လုပ်အားဒါနပြုကာ ပဲခူးမြို့ပေါ်နှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်သုံးဆောင်ကြသည့် ဘုရားဖူးလာပြည်သူအားလုံးကို စေတနာသဒ္ဓါတရားပြည့်ဝစွာဖြင့် စတုဒိသာအာဟာရဒါန ထမင်းဟင်းများ ကျွေးမွေးပေးကြကြောင်း သိရသည်။

နဝမအကြိမ်မြောက် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲဖြစ်မြောက်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မတည်အလှူငွေကျပ်သိန်း ၁၀၀ နှင့် မြို့မိ မြို့ဖများ၊ စေတနာရှင်ပြည်သူများကလည်း စေတနာအလျောက် လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## တိုတိုထွာထွာဖတ်စရာ

### ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဘူးဘကန်းကျေးရွာ မူလွန်ကျောင်းတွင် ကျောင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အလှူရှင် သပိတ်ကျင်းမြို့နယ် ချောင်ကြီးကျေးရွာနေ ဦးနိုင်လင်းထက်က ကျောင်းစာကြည့်တိုက်အတွင်း စာအုပ် ၁၂၀၃ အုပ်နှင့် စာကြည့်တိုက်အတွင်းရှိ ပရိဘောဂများ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။ **စိုးစိုးလှိုင်(ဝက်လက်)**

### ရိုးရာအလှဆင် ပလိုင်းဈေးဝယ်ခြင်းတောင်းဝယ်ယူမှုနည်းပါးလာ

**ကသာ**

ကသာမြို့ ကျေးရွာများတွင် ပလတ်စတစ်အိတ်များ အလွယ်တကူသုံးစွဲကြသဖြင့် ရိုးရာအသုံးအဆောင် ပလိုင်းဈေးတောင်းများဝယ်ယူသူနည်းပါးလျက်ရှိကြောင်း သိရသည်။

ဈေးဝယ်ရာတွင် ဆိုင်များမှ ကုန်ပစ္စည်းများကို ပလတ်စတစ်အိတ်ဖြင့် ထည့်သွင်းပေးလာကြသဖြင့် ဈေးဝယ်ခြင်းတောင်း၊ ပလိုင်း ဝယ်ယူသုံးစွဲသူကျဆင်းလာလျက်ရှိ ကြောင်း ပလိုင်းရောင်းသူ ကချင်တိုင်းရင်းသူ ဒေါ်လုဂျာဘောက်က ပြောပြသည်။ **ငွေအိုး(ကသာ)**

### ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**မကွေး**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် သမန်းတောတောင်ကျေးရွာတွင် ကျင်းပသည်။

သမန်းတောတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ဒေသထွက်ကုန်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။ **မကွေး ဝင်းမောင်**

## စစ်ကိုင်းမြို့ ကောင်းမှုတော်မြတ်စွာဘုရားကြီးတွင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၁**



စစ်ကိုင်းမြို့ ကောင်းမှုတော်မြတ်စွာဘုရားကြီးတွင် ဒုတိယအကြိမ်မြောက် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီက အဆိုပါဘုရားကြီးအရှေ့မုခ်ကွင်းပြင်တွင် ကျင်းပသည်။

မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဥပဒေချုပ်ဦးခင်မောင်လှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းနှင့် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မီးပုံးပျံငယ်အလုံး ၄၀ အား လွှတ်တင်သည်။

**ဇော်မြင့်နိုင် (ခရိုင်ပြန်/ဆက်)**

## ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေ ၆ နာရီခွဲက ဘားအံမြို့ ဇွဲကပင်လမ်းရှိ တင်းနစ်ကွင်းတွင် ကျင်းပသည်။

(၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်ထိ ဘားအံမြို့မတင်းနစ်ကလပ်၊ မြဝတီတင်းနစ် ကလပ်၊ လှိုင်းဘွဲ့တင်းနစ်ကလပ်၊ မော်လမြိုင်အကောက်အခွန်တင်းနစ်ကလပ်၊ သထုံတင်းနစ်ကလပ်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် အသင်းလိုက်ပြိုင်ပွဲ ပထမဆုရရှိသော မော်လမြိုင်တင်းနစ်ကလပ်နှင့် ဒုတိယဆုရရှိသော ဘားအံမြို့မတင်းနစ်ကလပ်တို့အား ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ ဘားအံမြို့မတင်းနစ်ကလပ် အတွင်းရေးမှူး ဦးကိုကိုအောင်နှင့် မစ္စတာဟီရိုရှိဆူဒို၊ ဒေါက်တာဌေးလွင်၊ မြန်မာဘရူဝါရီကုမ္ပဏီလီမိတက်မှ ဦးဇေယျာမင်းနှင့် တာဝန်ရှိသူများကလည်းဆွဲဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နယ်စပ်မြို့ကော့သောင်းတွင် စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲခြိမ့်ခြိမ့်သဲကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၁၁**



မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလစတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက စုပေါင်းရုံးလမ်းတစ်လျှောက် ကျင်းပသည်။

စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲတွင် မြို့ပေါ်ရပ်ကွက် နှင့် ကျေးရွာများမှ အလှူရှင်၊ စေတနာရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ မြန်မာ့ရိုးရာမုန့်ပဲသရေစာများ အသင့်စားသုံးနိုင်သည့်စားသောက်ဖွယ်ရာမျိုးစုံစွာလာရောက် ကျွေးမွေးလှူဒါန်းကြရာ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အဆိုပါ စတုဒိသာ နိဗ္ဗာန်ဈေးအလှူတော်ပွဲတွင် အိုးစည်ဒိုးပတ်အကများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများဖြင့် ဧည့်ခံဖျော်ဖြေကြရာ လာရောက်နွှဲပျော်ကြသည့် မြို့နေပြည်သူများ ကြက်ပျံမကျ ခြိမ့်ခြိမ့်သဲစည်ကားလှသည့် နယ်စပ်ဒေသ ကော့သောင်းမြို့၏ မြန်မာ့ဓလေ့ ရိုးရာပွဲ တစ်ခု ဖြစ်ကြောင်း သိရသည်။

စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများဖြင့် ကော့သောင်းမြို့မ လူငယ်အဖွဲ့၏စီစဉ်မှုဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခုနှစ်သည် ၂၁ ကြိမ်မြောက်အဖြစ် ပြုလုပ်ခြင်းဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**

## မြောင်းမြမြို့တွင် တန်ဆောင်တိုင် နိဗ္ဗာန်ဈေးပွဲတော်များဖြင့် စည်ကား

**မြောင်းမြ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း စတုဒိသာအလှူပွဲများ၊ နိဗ္ဗာန်ဈေးရောင်းပွဲများဖြင့် ရပ်ကွက်များတွင် စည်ကားပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

မြောင်းမြမြို့တွင်ပြုလုပ်သော နိဗ္ဗာန်ဈေးပွဲမှာ ကြုံသလိုဝင်ရောက်စားသုံးနိုင်သော နိဗ္ဗာန်ဈေးမျိုးမဟုတ်ဘဲ မုန့်မဲဈေးခေါ် နိဗ္ဗာန်ဈေးတစ်မျိုးဖြစ်ပြီး ဦးဆောင်ကျင်းပသူများက မုန့်လှူဒါန်းသူ မုန့်ဆိုင်အရေအတွက်နှင့် မုန့်အရေအတွက်ကို ကောက်ယူစာရင်းပြုစုပြီး မဲစာရွက်မှာ အစဉ်လိုက်မဟုတ်သည့် နံပါတ်ပါ စာရွက်တွေကို ရေးထားပြီးမှ မုန့်ဈေးလာသူကိုမုန့်မဲနံပါတ်ပါ စာရွက်ဝေငှပေးခြင်းဖြစ်ကြောင်း သိရသည်။

"မုန့်မဲစာရွက်ရသူက မဲစာရွက်မှာပါတဲ့နံပါတ်နဲ့ မုန့်လှူသူရဲ့နံပါတ်ကို လိုက်ရှာရပါတယ်။ ဒီလိုလိုက်ရှာရတာက မုန့်ဈေးတန်းကို ပိုအသက်ဝင်စေပြီး ပျော်စရာအလွန်ကောင်းပါတယ်" ဟု နိဗ္ဗာန်ဈေးပွဲတော်ကို လာရောက်သူ မြရတနာရပ်ကွက်မှ ကိုရဝေမောင်က ပြောသည်။

အဆိုပါနိဗ္ဗာန်ဈေးပွဲတော် မုန့်ဈေးကိုဦးပိတ်ကုန်းရပ်ကွက်၊ ကန့်ကော်မြိုင်ရပ်ကွက်၊ စကမြားရပ်ကွက်၊ ရိုးကူး၊ မုဆိုးကွင်း၊ မရမ်းကုန်း၊ သူဌေးကုန်းရပ်ကွက်များတွင် ပြုလုပ်ကြကြောင်းနှင့် မြရတနာ (ဘုရားချောင်း) ရပ်ကွက်တွင် ယခုနှစ် ပထမအကြိမ် ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

"နိဗ္ဗာန်ဈေးဆိုင် ၂၀၀ ကျော်နဲ့ မုန့်တွေက အမျိုးစုံပါပဲ၊ မြန်မာ့ရိုးရာ မုန့်ပဲသရေစာ၊ အချိုရည်ဘူးတွေ၊ ရေခဲမုန့်တွေလည်းပါတယ်၊ ပျော်ပွဲရွှင်ပွဲအနေနဲ့ အမျိုးသားချောတိုင်တက်ပွဲ၊ အမျိုးသမီးချောတိုင်တက်ပွဲတွေ ထည့်ထားပါတယ် ၊ အောင်ဘာလေကံစမ်းမဲနှိုက်တာလည်း ထည့်ထားပေးပါတယ် ၊ တန် ဆောင် တိုင် မှာ အားလုံးပျော်ရွှင်ရအောင် ပြုလုပ်ပေးတာပါ" ဟု မြရတနာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်စိုးက ပြောကြားသည်။

**အောင်မင်း (မြောင်းမြ)**

## တန်ဆောင်မုန်းလပြည့်နေ့ မဒေါက်မီးမျှောပွဲတော် ပွဲတော်လာပရိသတ်များဖြင့် စည်ကား

**မဒေါက် နိုဝင်ဘာ ၁၁**

တန်ဆောင်မုန်းလသည် မြူတိမ်ကင်းရှင်း၍ ကြည်လင်သောကောင်းကင်တွင် နက္ခတ်တာရာများကို စုံလင်စွာ မြင်တွေ့နိုင်သော အခါသမယပင်ဖြစ်ပြီး လောကီရေးရာကိုသာ ရှေးရှုသောပျော်ပွဲအဖြစ်မှ ယခုအခါတွင် မြတ်စွာဘုရားကို ရည်မှန်း၍ ဆီမီးအလင်းလှူဒါန်းသော မီးထွန်းပွဲတော်အဖြစ်သို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။တန်ဆောင်မုန်းလတွင် မြတ်စွာဘုရားရှင်နှင့် သံဃာဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူးပြီး မီးကြာခွက်များထွန်းညှိ၍ စစ်တောင်းမြစ်အတွင်း ရေမျှောပူဇော်သော မီးမျှောရေသဘင်ပွဲတော်ကို ကျင်းပခဲ့ကြသည်မှာ အစဉ်အဆက်အားဖြင့် ယခုနှစ်တွင် နှစ်ပေါင်း၄၇နှစ်တိုင်ခဲ့ပြီဖြစ်ကာ ထင်ရှားသော ဒေသန္တရပွဲတော်တစ်ခုလည်း ဖြစ်သည်။

ယနေ့တန်ဆောင်မုန်းလပြည့်နေ့တွင် ရပ်ကွက်အလိုက် နိဗ္ဗာန်ဈေး၊ စတုဒိသာအလှူပွဲများနှင့်အတူ ပွဲဈေးခင်းတစ်လျှောက် စည်ကားလျက်ရှိပြီး တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့တွင် ရိုးရာလှေလှော်ပြိုင်ပွဲ၏ ဗိုလ်လုပွဲ၊ တက်ခုတ်ယှိမ်း၊ တက်ပျံယှိမ်းအကအလှ ဆုပေးပွဲများနှင့် နေအဝင်လဝန်းထွက်ပေါ်ချိန်တွင် စစ်တောင်းမြစ်အတွင်း ရှင်ဥပဂုတ္တမထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် ထွန်းညှိပူဇော်သည့် ရေသဘင်ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တောင်သူ့ရွှင်ပြုံး တန်ဆောင်မုန်းဟု စာချိုးရှိသည့်အတိုင်း ကောက်စောစပါးပေါ်ချိန် သာယာသောရာသီဥတုနှင့် ရိုးရာဓလေ့၊ စည်းလုံးညီညွတ်မှုတို့ကို တွေ့မြင်နိုင်သော မဒေါက်မြို့၏ မီးမျှောပွဲတော်သည် အဝေးရောက် နယ်သူနယ်သားများ၊ ရပ်နီးရပ်ဝေးမှ ဧည့်သည်များ၊ ဒေသခံပြည်သူများ တဖွဲဖွဲလာရောက်လျက် စည်ကားလျက်ရှိကြောင်း သိရသည်။



ရိုးရာလှေလှော်ပြိုင်ပွဲများ ကျင်းပစဉ်။

**သတင်း-ရန်အောင်ထွန်း၊ ဓာတ်ပုံ-ရဲသိန်း**

# ၂၀၁၉ ခုနှစ် နိုဘယ်ဆုရစီးပွားရေးပညာရှင်တွေ ဖော်ထုတ်ခဲ့သော ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနည်းလမ်းသစ်အကြောင်း (အပိုင်း-၂)

**■ သိဟ်သူရိန်**

ယခုနှစ် စီးပွားရေးပညာနိုဘယ်ဆုကို ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စမ်းသပ်လေ့လာမှုနည်းလမ်းကို ဖော်ထုတ်နိုင်ခဲ့တဲ့ အမေရိကန်တက္ကသိုလ်နှစ်ခုက စီးပွားရေးပညာရှင် သုံးဦး ပူးတွဲဆုရရှိခဲ့တဲ့အကြောင်း ၄-၁၁-၂၀၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ရေးသားတင်ပြခဲ့ပါတယ်။ ဆက်လက်ပြီး နိုဘယ်စီးပွားရေးဆုရှင် သုံးဦးဖြစ်တဲ့ ပါမောက္ခ အာဘီဂျစ် ဘန်နာဂျီ (Prof. Abhijit Banerjee)၊ ပါမောက္ခ အက်စတာဒီဖလို (Prof. Esther Duflo)နဲ့ ပါမောက္ခမိုက်ကယ်ခရိမ်မာ(Prof. Michael Kremer)တို့က "ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အကောင်းဆုံးနည်းလမ်းက ဘယ်လိုပုံစံလဲ"ဆိုတဲ့ လူသားတစ်ရပ်လုံးအတွက် အလွန်အရေးပါတဲ့ မေးခွန်းရဲ့အဖြေကို ဆန်းသစ်တဲ့ လက်တွေ့စမ်းသပ်သုတေသနနည်းလမ်းတွေကိုအခြေခံပြီး ဘယ်လိုဖော်ထုတ်ခဲ့သလဲဆိုတာကို တင်ပြပါရစေ။


လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုကျော်ကာလက တစ်ကမ္ဘာလုံးနီးပါး လူနေမှုအဆင့်အတန်း သိသိသာသာ တိုးတက်လာခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်အကြား အဆင်းရဲဆုံးနိုင်ငံတွေရဲ့ စီးပွားရေးအခြေအနေကို တစ်ဦးကျဝင်ငွေနဲ့ တိုင်းတာမယ်ဆိုရင် နှစ်ဆတိုးတက်ခဲ့ပါတယ်။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်သေဆုံးနှုန်းဟာ ၁၉၉၅ ခုနှစ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် ထက်ဝက်ကျဆင်းပြီး ကျောင်းမှာပညာသင်ကြားတဲ့ ကလေးအချိုးဟာ ၅၆ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါတယ်။

တိုးတက်မှုတွေရှိနေသော်လည်း ကြီးမားတဲ့ စိန်ခေါ်မှုတွေလည်း ကျန်ရှိနေပါတယ်။ ကမ္ဘာ့လူဦးရေ သန်း ၇၀၀ ကျော်ဟာ အလွန်အမင်း ဝင်ငွေနိမ့်ပါးလျက်ရှိပြီး နှစ်စဉ် ကလေးငါးသန်းဟာ စရိတ်သက်သက်သာသာနဲ့ ဒါမှမဟုတ် ကာကွယ်ကုသရင် ပျောက်ကင်းနိုင်တဲ့ ရောဂါတွေနဲ့ မကြာခဏဆိုသလို ငါးနှစ်မပြည့်ခင် သေဆုံးနေဆဲဖြစ်ပါတယ်။ ကမ္ဘာ့ကလေးတစ်ဝက်ဟာ အရေးအဖတ်အတွက် မတတ်မြောက်ခင် ကျောင်းမှထွက်ခွာနေဆဲဖြစ်ပါတယ်။

**ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနည်းလမ်းသစ်တစ်ခု**

ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ဖို့ အထိရောက်ဆုံး လုပ်ငန်းစဉ်တွေ ဖော်ထုတ်ဖို့ လိုအပ်လာပါတယ်။ ဒီနှစ်ရဲ့ နိုဘယ်စီးပွားရေးဆုရှင်တွေဟာ ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုပြဿနာကို မေးခွန်းတစ်ခုချင်းစီနဲ့ အုပ်စုတစ်ခုစီ ခွဲခြမ်းစိတ်ဖြာပြီး ဖော်ထုတ်ခဲ့ပါတယ်။ သူတို့ဟာ မေးခွန်းတစ်ခုချင်းစီအတွက် သီးသန့်ပုံစံထုတ်ထားတဲ့ စမ်းသပ်လေ့လာမှုနည်းလမ်းနဲ့ အဖြေရှာခဲ့ကြပါတယ်။ နှစ် နှစ်ဆယ်ကျော်အတွင်း ဒီနည်းလမ်းဟာ ဖွံ့ဖြိုးမှုဘောဂဗေဒနယ်ပယ်မှာ သုတေသနနည်းလမ်းပုံစံသစ်လုံးလုံး ဖြစ်ခဲ့ပါတယ်။ အဲဒီသုတေသနနည်းလမ်းသစ်ဟာ ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု ပြဿနာလျှော့ချရေး အထောက်အပံ့ဖြစ်စေပြီး ခိုင်လုံတဲ့ ရလဒ်တွေ ပေးနိုင်ခဲ့ပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေအကြား ပျမ်းမျှကုန်ထုတ်စွမ်းအားကွာဟချက်ကြီးမားတာ သတိပြုမိခဲ့တာကြာပြီဖြစ်ပေမယ့် ချမ်းသာ/ဆင်းရဲနိုင်ငံတွေကြားသာမက ဆင်းရဲတဲ့နိုင်ငံတွေကြားမှာပါ ထုတ်လုပ်မှုစွမ်းအားကွာဟချက်ကြီးမားတာကို ပါမောက္ခ အာဘီဂျစ် ဘန်နာဂျီနဲ့ ပါမောက္ခ အက်စတာဒီဖလိုတို့နှစ်ဦး သတိပြုမိခဲ့ကြပါတယ်။ တချို့လူတွေ ဒါမှမဟုတ် ကုမ္ပဏီတချို့တွေက နောက်ဆုံးပေါ်နည်းပညာတွေသုံးနေချိန်မှာ တချို့က ခေတ်မမီတဲ့ နည်းပညာတွေ အသုံးပြုနေကြတာပါ။ ပျမ်းမျှထုတ်လုပ်နိုင်စွမ်းနိမ့်ကျခြင်းရဲ့အဓိကအကြောင်းက အဲဒီလိုလူတွေ ဒါမှမဟုတ် ကုမ္ပဏီတွေဟာ နည်းပညာမှာ နောက်ကျကျန်နေလို့ဖြစ်ပါတယ်။ ချေးငွေမရတာကြောင့်လား၊ မူဝါဒပုံစံမကောင်းတာလား၊ လက်တွေ့ကျတဲ့ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်တွေ မချနိုင်တာလားဆိုတဲ့ အဲဒီလိုတိကျတဲ့မေးခွန်းမျိုးတွေနဲ့ ပတ်သက်ပြီး ဒီနှစ် စီးပွားရေးနိုဘယ်ဆုရှင်တွေ သုတေသနပြုပုံစံထုတ်နိုင်ခဲ့ပါတယ်။




Much of the difference in productivity between low-income and high-income countries depends on differences in productivity within low-income countries.

**ကျောင်းများတွင် ကနဦးစမ်းသပ်လေ့လာခြင်း**

ဆုရပညာရှင်တွေဟာ ပထမဦးဆုံးလေ့လာမှုကို ပညာရေးနဲ့ဆက်နွယ်တဲ့ပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာနဲ့ပတ်သက်ပြီး စတင်ခဲ့ပါတယ်။ စရိတ်အနည်းဆုံးနဲ့ ဘယ်လိုကြားဝင်ဆောင်ရွက်ရင် ပညာရေးရလဒ်တွေ တိုးလာနိုင်မလဲ။ ဝင်ငွေနိမ့်တဲ့နိုင်ငံတွေမှာ ကျောင်းသုံးဖတ်စာအုပ်တွေရှားတာအပြင် ကလေးတွေ မကြာခဏ အစာမစားရဘဲ ကျောင်းတက်ရတာတွေ ဖြစ်ပါတယ်။ ဖတ်စာအုပ်တွေ ပိုရလာရင် ရလဒ်တွေ တိုးလာမလား၊ ဒါမှမဟုတ် ကျောင်းမှာ စားစရာကျွေးရင် ပိုထိရောက်လေမလား၊ ဒီမေးခွန်းတွေရဲ့အဖြေရှာဖို့ ၁၉၉၀ ပြည့်နှစ် နှစ်လယ်ကာလတွေမှာ ပါမောက္ခ မိုက်ကယ် ခရိမ်မာနဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေဟာ သူတို့ရဲ့သုတေသနဆောင်ရွက်မှုတွေကို အမေရိကန်ပြည်ထောင်စုအရှေ့မြောက်ပိုင်းက သူတို့တက္ကသိုလ်တွေကနေ ကင်ညာနိုင်ငံအနောက်ပိုင်း ကျေးလက်ဒေသတွေမှာ ရွှေ့ပြောင်းလေ့လာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတို့ဟာ ဒေသခံအစိုးရမဟုတ်တဲ့အဖွဲ့အစည်းနဲ့ တွဲဖက်ပြီး လက်တွေ့စမ်းသပ်လေ့လာမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

သုတေသီတွေ ဘာကြောင့်စမ်းသပ်လေ့လာမှုနည်းလမ်းကိုအသုံးပြုဖို့ ရွေးချယ်ကြတာလဲ၊ သင်ကြားမှုရလဒ်တွေအပေါ် ကျောင်းဖတ်စာအုပ်တွေ ပိုရတာက အကျိုးသက်ရောက်မှုရှိ၊ မရှိ စူးစမ်းချင်တာကို ဥပမာ ကျောင်းသုံးဖတ်စာအုပ်အမျိုးမျိုးရနိုင်တဲ့ကျောင်းတွေကို နှိုင်းယှဉ်တာက ဖြစ်သင့်တဲ့နည်းလမ်းမဟုတ်တာ တွေ့ရမှာပါ။ ကျောင်းတွေက အမျိုးမျိုးကွာခြားနိုင်ပါတယ်။ ချမ်းသာတဲ့မိသားစုတွေက သူတို့ကလေးတွေအတွက် ဖတ်စာအုပ်ပိုပြီးဝယ်နိုင်လို့ အတန်းထဲမှာ အဆင့်ကောင်းကောင်းရနိုင်ပေမယ့် ဆင်းရဲတဲ့ကလေးတွေအနေနဲ့ အဆင့်နိမ့်နိုင်ပါတယ်။ ဒီအခက်အခဲတွေကို ရှောင်လွှဲနိုင်မယ့်နည်းလမ်းတစ်ခုက နှိုင်းယှဉ်တဲ့ကျောင်းတွေမှာ တူညီတဲ့ ပျမ်းမျှလက္ခဏာရပ်တွေကို နှိုင်းယှဉ်ဖို့ဖြစ်ပါတယ်။ ဒီလိုနှိုင်းယှဉ်နိုင်ဖို့ ဘယ်ကျောင်းဟာ တူညီတဲ့ပျမ်းမျှလက္ခဏာရပ်တွေရှိတဲ့ ဘယ်ကျောင်းနဲ့ အုပ်စုချင်းတူတယ် စသည်ဖြင့် ဆုံးဖြတ်နိုင်ဖို့ အခွင့်အလမ်းရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ဒီလို အရင်နည်းလမ်းဟောင်းတွေကိုအခြေခံပြီး လုပ်ဆောင်တာကို သဘာဝသိပ္ပံနဲ့ ဆေးဝါးစမ်းသပ်မှုတွေမှာ တွေ့မြင်နိုင်ပါတယ်။ ဒီလိုလုပ်ဆောင်ချက်နဲ့မတူ ခြားနားပြီး နိုဘယ်ဆုရှင်တွေဟာ တစ်ဦးချင်းစီရဲ့ သူတို့ပတ်ဝန်းကျင်မှာ နေ့စဉ် ဘယ်လိုပြုမူနေထိုင်သလဲဆိုတာကို လက်တွေ့စမ်းသပ်လေ့လာမှုနည်းလမ်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။



In the Laureates' field experiments, more textbooks and free school meals had small effects, while targeted help for weak students significantly improved educational outcomes.

ပါမောက္ခ မိုက်ကယ်ခရိမ်မာနဲ့လုပ်ဖော်ကိုင်ဖက်တွေဟာ သက်သေပြနိုင်ဖို့လိုအပ်တဲ့ ကျောင်းအရေအတွက်အများအပြားကို အုပ်စုအလိုက်ခွဲခြားပြီး လုံလောက်တဲ့ နမူနာကိန်းဂဏန်းအချက်အလက်များ ကောက်ယူခဲ့ပါတယ်။ အဲဒီအုပ်စုတွေထဲမှာပါဝင်တဲ့ ကျောင်းအားလုံးဟာ လိုအပ်တဲ့အရင်းအမြစ်တွေကို ကွဲပြားတဲ့ပုံစံတွေနဲ့ မတူညီတဲ့ အချိန်တွေမှာ ရကြမှာဖြစ်ပါတယ်။ လေ့လာမှုတစ်ခုမှာ အုပ်စုတစ်စုအတွက် ဖတ်စာအုပ်တွေ ပံ့ပိုးပေးမှာဖြစ်ပြီး နောက်လေ့လာမှုတစ်ခုမှာ ကျောင်းချိန်အတွင်း အခမဲ့ ကျွေးမွေးမှုပြုလုပ်တာမျိုးဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် ဘယ်ကျောင်းက ဘာရတယ်ဆိုတဲ့ အခွင့်အရေးကို သတ်မှတ်ဖို့ဖြစ်ပါတယ်။ စမ်းသပ်မှုစတင်ချိန်မှာတော့ အုပ်စုတွေကြားမှာ ပျမ်းမျှကွာခြားမှုတွေမရှိတာ တွေ့ရပါတယ်။ အဲဒီလိုစမ်းသပ်လေ့လာမှုတွေက ဖတ်စာအုပ်တွေ ပိုမရတာ၊ အစားအစာပံ့ပိုးမပေးတာနဲ့ သင်ကြားမှုရလဒ် ကွဲပြားတာတွေ မဖြစ်ပေါ်စေတာကို တွေ့ရပါတယ်။ တကယ်လို့ ဖတ်စာအုပ်တွေက အကျိုးသက်ရောက်မှု ကောင်းမွန်တယ်ဆိုရင်တောင် ကျောင်းသားတွေ တော်တဲ့အတွက်ကြောင့်လို့သာ ပြောနိုင်မှာဖြစ်ပါတယ်။

နောက်ပိုင်းစမ်းသပ်လေ့လာမှုတွေအရ ဝင်ငွေနိမ့်တဲ့ နိုင်ငံတွေမှာ ကြုံတွေ့ရတဲ့အဓိကပြဿနာက အရင်းအမြစ်တွေမရှိတာကြောင့် မဟုတ်ကြောင်း တွေ့ရှိလာကြပါတယ်။ အကြီးမားဆုံးပြဿနာကသင်ကြားမှုဟာ ကျောင်းသားတွေရဲ့လိုအပ်ချက်ကို လုံလုံလောက်လောက် လိုက်ဖက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိလို့ဖြစ်ပါတယ်။ အဲဒီလို ပထမဆုံးစမ်းသပ်လေ့လာမှုတွေမှာ ပါမောက္ခ အာဘီဂျစ် ဘန်နာဂျီနဲ့ ပါမောက္ခ အက်စတာဒီဖလိုတို့ဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြို့နှစ်မြို့ကကျောင်းသားတွေကို ကုစားမှုနည်းပြ အစီအစဉ်တွေ(remedial tutoring programmes) နဲ့ လေ့လာခဲ့တာပါ။ မွမ်ဘိုင်းနဲ့ ဗာဒိုဒါရာမြို့ပေါ်က ကျောင်းတွေမှာကျောင်းသားတွေ အထူးလိုအပ်နေတာတွေ ပံ့ပိုးပေးဖို့ သင်ထောက်ကူဆရာအသစ်တွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကျောင်းတွေရဲ့ နေရာဒေသရွေးချယ်မှုကို အလျဉ်းသင့်သလိုရွေးချယ်ပြီး သင်ထောက်ကူဆရာတွေ ထိထိရောက်ရောက် ဆောင်ရွက်မှုရှိ၊ မရှိကိုလည်း အများယုံကြည်လက်ခံနိုင်စေမယ့်နည်းလမ်းတွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီစမ်းသပ်လေ့လာမှုကနေ ရှင်းရှင်းလင်းလင်း သိလိုက်ရတာက ရွေးချယ်ထားတဲ့ အကူအညီအလိုအပ်ဆုံးနဲ့ အားအနည်းဆုံးကျောင်းသားတွေအတွက် ကာလတိုနဲ့ ကာလလတ်တွေမှာ ထိရောက်တဲ့စီမံချက်တွေ ဘယ်လို ချမှတ်ရမယ်ဆိုတာ ဖြစ်ပါတယ်။

အဲဒီအစောပိုင်းလေ့လာမှုတွေကို ကင်ညာနဲ့ အိန္ဒိယနိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ကျန်းမာရေး၊ ချေးငွေရရှိရေးနဲ့ နည်းပညာသစ်တွေ အသုံးပြုရေး စတဲ့အရေးပါတဲ့ နယ်ပယ်တွေမှာ အာရုံစိုက်ပြီး နောက်ပိုင်းစမ်းသပ်လေ့လာမှုတွေကို အခြားနိုင်ငံတွေမှာ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ နိုဘယ်စီးပွားရေးဆုရှင်သုံးဦးတို့ဟာ ဒီသုတေသနတွေမှာ ကနဦးဆောင်ရွက်ခဲ့တာဖြစ်ပြီး အဲဒီလိုဆောင်ရွက်ခဲ့တာကြောင့် စမ်းသပ်လေ့လာမှုနည်းလမ်းဟာ ဖွံ့ဖြိုးမှုဘောဂဗေဒပညာရှင်တွေရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သုတေသနပြုဆောင်ရွက်တဲ့နေရာမှာ ထိရောက်ပြီး စံမီတဲ့ သုတေသနနည်းလမ်းဖြစ်လာခဲ့ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

Reference:www.nobelprize.org/prizes/economic-sciences/2019/popular-information/access on 22-10-2019

ကြေးမုံ
နိုဝင်ဘာ ၁၂၊ ၂၀၁၉

# ပဲခူး ရွှေစည်းခုံစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၁**

ပဲခူးရွှေစည်းခုံစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲကို နိုဝင်ဘာ ၁၁ ရက် (တန်ဆောင်းမုန်းလပြည့်နေ့) နံနက်ပိုင်းက ပဲခူးမြို့ဥဿာမြို့သစ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး ကိုးသန်းတောရ အဘထ ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် အဘထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစုနှင့် ဧည့်သည်တော်များ၊ ဒေသခံများက ထီးတော်ပင့်ဆောင် တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်ဖြစ်သော နံနက် ၇ နာရီ မိနစ် ၃၀ တွင် ဘုံ ၁၁ ဆင့်ရှိ စိန်ပဒေသာ ထီးတော်ကို ဓမ္မမာမက ဦးအောင် ဝိဇ္ဇာ သာသနာပြုမိသားစုက ဦးဆောင်တင်လှူပူဇော်သည်။ ထီးတော်တွင် ပင်မစိန်ဖူးတော်အပြင် အရံစိန်ဖူးတော် အငယ် ၄၄ ခု နှင့် စုစုပေါင်း စိန်ဖူးတော် ၄၅ ခု ပါဝင်သော စိန်ပဒေသာ စိန်ဖူးတော်ကို တင်လှူပူဇော်ခြင်းဖြစ်သည်။

ထို့နောက် ဒေါက်တာသူရိန်နိုင်အောင်ဟိန်း(အဘထ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု) နှင့် အဖွဲ့က ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော် အထွတ်တွင် တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ရွှေစည်းခုံစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်ကြပြီး ရေစက်သွန်းချ တရားနာယူ ကြည်ညိုကြသည်။

"စေတီတော်ကြီးကို မိဘတွေနဲ့ အဘထဆရာတော်ကြီး ဦးသံယမက လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက စတင်တည်ထားကြပါတယ်။ မိဘများလက်ထက်က မပြီးစီးခဲ့တဲ့ စေတီတော်ကြီးကို ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်နေ့မှာ ကျွန်တော်ပြန်လည်တည်ထားခဲ့တာ ဒီနေ့ အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ စေတီတော်ကြီးအောင်မြင်စွာ တည်ထားနိုင်ခဲ့တာမို့ အထူးဝမ်းသာကြည်နူးပါတယ်။ မိဘများနဲ့ ဆရာတော်ကြီးတို့ကိုလည်း အမျှပေးဝေခဲ့ပါတယ်"ဟု ဒေါက်တာသူရိန်နိုင်အောင်ဟိန်းက အလှူအောင်ပွဲ ပီတိစကားပြောသည်။

ပဲခူးရွှေစည်းခုံစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲတွင် နိုင်ငံကျော် မြစတင်းဆိုင်းအဖွဲ့၊ New Invertion တေးဂီတနှင့်အတူ အဆိုတော် ဗညားဟန်နှင့် စိုးစန္ဒာထွန်းတို့က ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အောင်ငွေး



# ခရီးသွားပြည်သူများ အဆင်ပြေစေရေး ဆိပ်မတံတားအား နှစ်ပတ်အတွင်း အပြီးတည်ဆောက်မည်

**အမာ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ ဆိပ်မကျေးရွာသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ လမ်းဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်၊ တံတားအထူးအဖွဲ့(၁၆)မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်အောင်၊ ခရိုင်လမ်းဦးစီးဌာန ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေး မှူးအဖွဲ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိလာပြီး ချောင်းအတွင်းပြိုကျသွားသော ဆိပ်မတံတားအား ကြည့်ရှု၍ ပြည်သူများနှင့်တွေ့ဆုံရာတွင် အခက်အခဲဖြစ်ပေါ် နေသောပြည်သူများ အဆင်ပြေစေရေး အတွက် တံတားဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းကို ရက်သတ္တနှစ်ပတ်အတွင်း အပြီးပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါ်သစ်သစ်အောင်က ပြောသည်။



နိုင်ငံတော်က ပြည်သူများအဆင်ပြေစေရေး အမြန်ဆုံး ပြန်လည်ဆောက်လုပ်ပေးနိုင်ရန် ညွှန်ကြားလာခဲ့ရာဌာနမှလည်း နှစ်ပတ်အတွင်း အပြီးဆောက်လုပ်ရန်ညွှန်ကြားချက်အရ စက်ယန္တရားများဖြင့် နေ့ညမနားဘဲ ရက်သတ္တ နှစ်ပတ်အတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နေချိန် ပြည်သူများကလည်း ဝိုင်းကူညီပေးစေလိုကြောင်း၊ တံတားအား ယခင်အတိုင်း သံပေါင်ဘေလီတံတားအဖြစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပြီး ရက်အနည်းငယ်အတွင်း ဆောက်လုပ်သော်လည်း ယခင်ကထက် ပိုမိုခိုင်ခံ့စေရန် စီမံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါ်သစ်သစ်အောင်က ဆက်လက်ပြောပြသည်။

တိုင်းလမ်းဦးစီးညွှန်ကြားရေးမှူးက တိုင်းဒေသကြီးရုံးမှ တံတားအမြန်ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း၊ စက်ယန္တရားများဖြင့် ရက်တိုအတွင်းအပြီးဆောက်လုပ်နိုင်ရန် တိုင်းအတွင်းမှ ဖျာပုံနှင့်အနီးဆုံး စက်ယန္တရားများကို စုစည်းနေကြောင်း၊ ပစ္စည်းများသယ်ယူခြင်း၊ တံတာအား အမြန်ဆုံးဖျက်ခြင်းတို့ကို စတင်လုပ်ဆောင်မည်ဖြစ်ကြောင်းပြောသည်။ တံတားနှင့်ပတ်သက်၍ လိုအပ်သည်များကို တိုင်ပင်ဆွေးနွေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်နှင့် အမာမြို့နယ် ဌာနဆိုင်ရာများစုပေါင်း၍ ဆိပ်မအနောက်ဘက်ကမ်း ဘုန်းတော်ကြီးကျောင်းတွင် ပြည်သူများနှင့်တွေ့ဆုံပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

# တန်ဆောင်တိုင်ရုံးပိတ်ရက် ပလင်းကမ်းသာယာ ဆင်စခန်းတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ညောင်ဦး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုလင်း(အနောက်)ကျေးရွာအနီးတွင်ဖွင့်လှစ်ထားသည့် ပလင်းကမ်းသာယာဆင်စခန်းတွင် တန်ဆောင်တိုင် ရုံးပိတ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၁ ရက် ) တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်ရင်း ပလင်းကမ်းသာယာ ဆင်စခန်းသို့ ဝင်ရောက်လည်ပတ်လေ့လာ အပန်းဖြေသည့် ဆင်ချစ်သူများ များပြားခဲ့ကြောင်း သိရသည်။



အဆိုပါ ဆင်စခန်းတွင် ဆင်ခြောက်ကောင်ထားရှိကာ ဆင်စခန်းလာ ဆင်ချစ်သူများအား စိတ်ချမ်းသာမှုပြည့်ဝစေရန် ဝန်ဆောင်မှု အမျိုးမျိုးပေးလျက်ရှိသည်။ ဆင်များအား ကာကွယ်ထိန်းသိမ်းပြီး ချစ်ခင်မြတ်နိုးတတ်စေရန်နှင့် ဆင်သတ်မုဆိုးများ အန္တရာယ်မှဝိုင်းဝန်း ကာကွယ်စောင့်ရှောက်နိုင်ရန် ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ) က ဆင်စခန်း လာရောက်သူများအား ပညာပေး ဟောပြောသည်။

ပလင်းကမ်းသာယာ ဆင်စခန်းတွင် လာရောက် လည်ပတ်သူများနှင့် ကလေးငယ်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာကစားနိုင်ရန် ပန်းဥယျာဉ်နှင့် ကလေးကစားစရာ နေရာများ ဖန်တီးပေးထားကြောင်း သိရသည်။

တန်ဆောင်တိုင် ရုံးပိတ်ရက်တွင် ပလင်းကမ်းသာယာ ဆင်စခန်းသို့ အနယ်နယ်အရပ်မှ လာရောက်လည်ပတ်သူ များပြားခဲ့ပြီး လူဦးရေ ၁၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း တာဝန်ခံ မန်နေဂျာ ဦးမျိုးမင်းကိုထံမှ သိရသည်။

ကိုထိန်(ငွါသရောက်)



# ရှမ်းရွာကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကန်ကြီးထောင့် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရှမ်းရွာကျေးရွာတွင် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် မီးဘေး သင့်ခဲ့သော အိမ်ထောင်စုများအား အဆိုပါရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမန်းကြည်ရွှင်နှင့် တာဝန်ရှိသူများက မီးလောင်ဆုံးရှုံးခဲ့သည့် နေအိမ်ခုနစ်လုံးမှ အိမ်ထောင်စု ရှစ်စုအတွက် မိသားစုသုံးပစ္စည်း ရှစ်ပုံး၊ မီးဖိုချောင်သုံးပစ္စည်း ရှစ်ပုံး၊ ရေသန့်ဘူးခွံ ရှစ်လုံးနှင့် တာပေါ်လင်၊ ခြင်ထောင်၊ စောင်၊ အိမ်ဆောက်ပစ္စည်းကိရိယာတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

နန်းထိုက် (ကန်ကြီးထောင့်)



နိုဝင်ဘာ ၁၁ ရက်(တန်ဆောင်မုန်းလပြည့်နေ့)ညနေ ၆ နာရီ ၁၂ မိနစ်က စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိ သကျ ကိုးထပ်ကြီးဘုရားတွင် (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇာဆီမီးအလင်းရောင်၉၉၉၉ ထွန်းညှိပူဇော်စဉ်။

တင်ဝင်းတင်

## ခရမ်းမြို့သကျမာရဇိန်သွန်းဘုရားကြီးအား မသိုးသင်္ကန်းရက်လုပ်ပူဇော်

**ခရမ်း နိုဝင်ဘာ ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ သကျမာရဇိန် သွန်းဘုရားကြီး ဘဏ္ဍာတော် ဂေါပကအဖွဲ့က ဦးဆောင်၍ ယနေ့(တန်ဆောင်မုန်းလပြည့်နေ့)တွင် မသိုးသင်္ကန်းတော်မြတ်ရက်လုပ် ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို သွန်းဘုရားကြီးရှိ ဓမ္မဗိဗ္ဗာန်တော်နှင့် ဂန္ဓကုဋိတိုက်တော်တို့တွင် ခုနစ်ကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က မုခ်ဦးခွဲဖွင့်ပွဲ အခမ်းအနားပြုလုပ်ပြီး မသိုးသင်္ကန်းတော်မြတ်ရက်လုပ်ပြိုင်ပွဲကို စတင်ကျင်းပရာ မဒ္ဒီဒေဝီစင်တော်၊ သမ္မုလဒေဝီစင်တော်၊ သုမန ဒေဝီစင်တော်၊ ရုကဒေဝီစင်တော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲကို ည ၁၀ နာရီတွင် ကျင်းပပြီး မသိုးသင်္ကန်းတော်ကို ချုပ်လုပ်ခြင်း၊ ကပ်လှူခြင်းမင်္ဂလာ အခမ်းအနားကို တန်ဆောင်မုန်း လပြည့်နေ့ နံနက် ၃ နာရီခွဲတွင် သကျမာရဇိန်သွန်းဘုရားကြီးဝင်း အတွင်းရှိ



သွန်းဘုရားကြီး ဂန္ဓကုဋိတိုက်တော်၌ ကျင်းပပြီး ကြေးသွန်းဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် သကျမာရဇိန်သွန်းဘုရားကြီးဝင်း အတွင်းရှိ ရုပ်ပွားတော်မြတ် ခုနစ်ဆူတို့အား မသိုးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

**ခရမ်းစိုးမြင့်**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားပွဲ စည်ကားစွာကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၁**

မုံရွာမြို့နယ်တွင် ဆွမ်းဆန်လှူဒါန်းမှုအများဆုံးနှင့် ဆွမ်းဆန်အလှူ အစည်ကားဆုံး ဖြစ်သည့် မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ဆွမ်းဆန်လှူသူများနှင့် ဘုရားပွဲလာသူများဖြင့် စည်ကားလျက်ရှိသည်။

"မိုးညှင်းသမ္ဗုဒ္ဓေဘုရား တည်ထားကိုးကွယ်တာက နှစ် (၈၀) ပြည့်ပြီ။ ဘုရားပွဲကျင်းပလာတာ ၆၁နှစ်ရှိပြီ။ ၁၃၂၀ ပြည့်နှစ်ကစပြီး ဘုရားပွဲတော်ကျင်းပခဲ့တယ်လို့ မှတ်တမ်းရှိတယ်။ ဘုရားအမှူးရှိတဲ့ ပင့်သံဃာတော်အပါး ၁၄၀ ကို ဆွမ်းဆန်စိမ်းနဲ့စာရေးတံမဲတွေ လောင်းလှူတာပါ။ နံပါတ် ၁ စာရေးတံမဲက ကျပ်ဆယ်သိန်းပါ။ အနည်းဆုံးမဲက ကျပ်ငါးသောင်း လှူတာဖြစ်ပါတယ်"ဟုဘုရားဂေါပကအဖွဲ့ဝင် ဦးကျော်မြင့်က ပြောသည်။

မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့မှကျေးရွာများနှင့် မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားကြီးပတ်ဝန်းကျင် အနီးရှိ ကျေးရွာများက ဆွမ်းဆန် စိမ်းနှင့် လှူဖွယ်များ လာရောက်လှူဒါန်းကြခြင်း ဖြစ်သည်။

မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီးတည်ထားသည့်နှစ်၈၀ပြည့် ပတ္တမြားရတုပူဇော်ပွဲအဖြစ် အသံမစဲအဘိဓမ္မာ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း၂ရက်မှ၈ရက်အထိ ပူဇော်ကျင်းပခဲ့ပြီး ပတ္တမြား ရတုအထိမ်းအမှတ် ဓမ္မသဘင် သုံးရက်ကိုလည်း ကျင်းပပူဇော်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အင်းလျားကန်ပေါင်၌ မီးပုံပျံအလုံး ၅၀၀ တစ်ပြိုင်တည်း လွှင့်တင်



**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့ အင်းလျားကန်ပေါင်၌ မီးပုံပျံအလုံး ၅၀၀ တစ်ပြိုင်တည်း လွှင့်တင်ခြင်းကို ယနေ့ ညပိုင်းတွင် ကျင်းပသည်။

အဆိုပါ မီးပုံးပျံလွှင့်တင်ပွဲ Fortune TV က ကန်ပေါင်တွင် လာရောက် လည်ပတ်ကြသော ပြည်သူများအတွက် စီစဉ်ပြုလုပ်ပေးခြင်းဖြစ်သည်။

အင်းလျားကန်ပေါင် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို (နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်) တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သော ယနေ့ညပိုင်းအထိ ကျင်းပခဲ့ရာ ပွဲတော်ကျင်းပနေစဉ်ကာလအတွင်း အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **ပွင့်သစ္စာ**

**○ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲမှ**

Pool 9Ball တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ တစ်ဦးချင်းအမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲအမျိုးသားပြိုင်ပွဲ၊ နှစ်ယောက်တွဲအမျိုးသမီးပြိုင်ပွဲ၊ 10 Ball တစ်ဦးချင်း အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး Carom ပြိုင်ပွဲတစ်မျိုးတည်းတွင်သာ မယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပရေး၏ သတ်မှတ်ချက်အရ ပြိုင်ပွဲအမျိုးအစားတစ်ခုတွင် တစ်နိုင်ငံမှ ကစားသမားနှစ်ဦးသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သောကြောင့် မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်နှင့် စနူကာတွင် ကစားသမားကောင်းများရှိသော်လည်း နှစ်ဦးစီဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့တွင် အုပ်ချုပ်သူ-ဦးအေးချိုတူး၊ နည်းပြ-ဦးအောင်ဆန်းဦး၊ ဦးခင်မောင်ဦး၊ ကစားသမားများအဖြစ် ဘိလိယက်-နေသွေးဦး၊ ချစ်ကိုကို၊ စနူကာ-ကိုထက်၊ ဝင်းကိုကို၊ သက်မင်းလင်း၊ Pool အမျိုးသား- အောင်မိုးသူ၊ မောင်မောင် (ခ) အားတီ၊ သော်ဇင်ထက်၊ Pool အမျိုးသမီး-အေမီအောင်နှင့် သန္တာမောင်တို့ ပါဝင်ကြသည်။

မြန်မာဘိလိယက်အဖွဲ့၏ ပြင်ဆင်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ''လူဦးရေကန့်သတ်ချက်ရှိတာကြောင့် လူရွေးပွဲတွေ အကြိမ်ကြိမ်ပြုလုပ်ပြီးမှ ကစားသမားတွေ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဘိလိယက်နဲ့ စနူကာမှာ ကစားသမားကောင်းတွေ အများကြီးရှိပေမယ့် ပြိုင်ပွဲတစ်ခုမှာ တစ်နိုင်ငံက ကစားသမားနှစ်ဦးပဲ ယှဉ်ပြိုင်ခွင့်ရမှာဖြစ်လို့ ကစားသမားရွေးချယ်မှုကို ကန့်သတ်ခဲ့ရပါတယ်။ ကျွန်တော်တို့က ပြိုင်ပွဲကိုးမျိုးမှာ ကစားသမား ၁၀ ဦးနဲ့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အခုရွေးထားတဲ့ ၁၀ ဦးမှာ အာရှဘိလိယက်ချန်ပီယံ နေသွေးဦးနဲ့ တရုတ်မှာ ပြိုင်ပွဲတွေဆက်တိုက်ထိုးနေတဲ့ Pool ကစားသမား မောင်မောင်တို့ပဲ လူရွေးပွဲမကစားရတာဖြစ်ပြီး ကျန်တဲ့သူတွေအားလုံး လူရွေးပွဲကစားပြီးမှ ရွေးချယ်ခံရတာဖြစ်ပါတယ်။ ကျွန်တော်တို့က ပြိုင်ပွဲတိုင်းမှာ ရွှေတံဆိပ်မျှော်နိုင်တဲ့အနေအထားရှိပေမယ့် ရာခိုင်နှုန်း အနည်း၊ အများတော့ ကွာခြားမှုရှိပါတယ်။

စနူကာရဲ့ အနေအထားကလည်း မျှော်လင့်လို့ရတဲ့ အနေအထားရှိပါတယ်။ ထိုင်းက အကောင်းဆုံးဖြစ်ပေမယ့် တစ်ဦးချင်းမှာထိုးမယ့် ကိုထက်နဲ့ ဝင်းကိုကို၊ နှစ်ယောက်တွဲမှာထိုးမယ့် ကိုထက်နဲ့ သက်မင်းလင်းတို့ရဲ့ အနေအထားကလည်းမနိမ့်ပါဘူး။ Pool မှာ မောင်မောင်က တရုတ်မှာ တောက်လျှောက်ထိုးနေပြီး အောင်မြင်မှုတွေလည်း ရနေပါတယ်။ တခြားကစားသမားတွေကလည်း လက်စွမ်းရှိတာကြောင့် အနိမ့်ဆုံးဆုတံဆိပ်တော့ မလွတ်ပါဘူး။ နိုင်ငံအတွက် ရွှေဆုရယူပေးနိုင်အောင် ကြိုးစားနေပါတယ်'' ဟု ပြောသည်။

ဆီးဂိမ်းဘိလိယက် ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲအကြို ပြင်ဆင်ထားမှု၊ ကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း ရရှိထားသည့် အောင်မြင်မှုများကြောင့် မြန်မာဘိလိယက်အဖွဲ့၏ အောင်မြင်မှုလမ်းခရီးမှာ ပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်ဖွယ်ရှိနေသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

**❂ ကိုရီးယားစက်မှုဇုန်မှ**

ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ ယင်းစက်မှုဇုန်စီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ တည်ဆောက်ရေးကာလမှာ သုံးနှစ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်း မြေဧရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် ကိုရီးယားနိုင်ငံ KMIC Development Co.,ltd မှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် KMIC စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာသန်း ၁၂၀ ဖြစ်ပြီး မြန်မာနိုင်ငံက ရာခိုင်နှုန်း ၄၀၊ ကိုရီးယားနိုင်ငံက ရာခိုင်နှုန်း ၆၀ ဖြင့်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ယင်း KMIC Industrial Complex စီမံကိန်းကို ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုပေးခဲ့ပြီး Phase 1 တည်ဆောက်ရေးကာလကို ၂၀၁၉-၂၀၂၁ ခုနှစ်အတွင်း စတင်လုပ်ဆောင်၍ Phase 2 တည်ဆောက်ရေးကာလကို ၂၀၂၂-၂၀၂၄ ခုနှစ်အတွင်း လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက် ဝင်ရောက်ရန် ဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့်ရက်ပိုင်းကလည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ထိုင်းနိုင်ငံတွင် ကျင်းပသည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်၍ ယင်းထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သော (၁၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ကာ ယင်းအစည်းအဝေးတွင် ကိုရီးယားစီးပွားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ အလွတ်သဘော ဆွေးနွေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ယခုနိုဝင်ဘာလအတွင်း ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ပြုလုပ်မည့် Korea Asian Special Summit ကို တက်ရောက်ရန် ဖိတ်ကြားထားသည့်အတွက် မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဆဋ္ဌမမြောက်အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ ကိုရီးယားနိုင်ငံအနေဖြင့် စီမံကိန်းပေါင်း ၁၇၉ ခု ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံခန့် ရှိကြောင်း၊ အဆိုပါ ပမာဏသည် မြန်မာနိုင်ငံသို့ ဝင်ရောက်ထားသည့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၄ ဒသမ ၈၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်း/ငှားမည်။

၁။ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ပထဝီ(၃၃၅၀) Sqft, MBR(3), BR(2), AC(8) ၊ ကျွန်းပါကေး။ ငှား - ၂၅သိန်း ရောင်း - ၅၈၀၀သိန်း

၂။ မြန်မာ့ဂုဏ်ရည်ကွန်ဒို၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်၊ ၃-လွှာ၊ MBR(2), BR(1), A/C(5)၊ ကျွန်းပါကေး(၁၈၅၀) Sqft ။ (အရှေ့ဘက်နှင့် တောင်ဘက်လှည့်) ငှား - ၁၅သိန်း ရောင်း - ၃၂၅၀သိန်း

၃။ Grandမြန်ကန်သာကွန်ဒို၊လှိုင်မြို့နယ်၊ MBR(2),BR(2), (၂၀၀၀)Sqft၊ A/C(5)၊ ၈လွှာ။ (အရှေ့ဘက်လှည့်) ငှား - ၈၇သိန်း ရောင်း - ၄၂၀၀သိန်း

Ph: 0969 809 1503, 09 25 444 9589,
0979 59 777 82. (ရုံးချိန်အတွင်း)
ပုံများကြည့်ရန် facebook - sky paradise properties

Asia Dragon (အာရှနဂါး)
ကျိုက်ထီးရိုး ✦ ရွှေတိဂုံ ✦ မွေးဆောင်
မြစ်ကြီးနားဆောက်ဇုတ်ဗရေဘားဇုံ ✦ ပုဂံ(ရွှင်ငါက်ထေးဘွဲ)ဗုဒ္ဓ
ကောင်ကြီးအင်းလေး ✦ မန္တလေးမြင်ဦးလွင်
ထားဝယ်(ရှင်ကိုရှင်)မောင်မောက် ✦ မွန်လေးစက်ကိုင်းအင်းကွန်းဆင်းဝ
09 300 300 30, 09 300 300 90, 09 799 100 100, 09 797 100 100

ပိုင်ရှင်ကိုယ်တိုင်ငှားမည်။

အင်းယားမြိုင်လမ်းမ၊ ဗဟန်းမြို့နယ်၊ (၆၀'×၁၁၀')၊ အရှေ့ဘက်လှည့်၊ 2RC၊ MBR(2)၊ BR(3) A/C (8) ။ ငှား (၅၀)သိန်း

Ph: 0969 809 1503, 09 25 444 9589,
09 7959 777 82 (ရုံးချိန်အတွင်း)

မြန်မာမြတ်ချယ်ရီ Travel & Tours
01-551240, 09-5003647

| | | | |
|---|---|---|---|
| ဂျပန် ခရီးစဉ် | Dec 12 - 17<br>Feb 11 - 16 | (၆)ရက် | $1650 |
| ကိုရီးယားခရီးစဉ် | Dec 24 - 29 (KE Airline)<br>Mar 21 - 27 (Seoul-Jeju-Nami) | | $1100<br>$1250 |
| ထိုင်ဝမ်ခရီးစဉ် | Jan 03 - 08 | (၆)ရက် | $850 |
| ဖါနမ်း-ဘန်ကောက်-ပတ္တယား ခရီးစဉ် | Dec 26 - 29 | | $530 |
| ဟန်ချိုင်း-ဟာလောင်းဒေး ခရီးစဉ် | | (၄)ရက် | $335 |

FB: Myanmar Myat Cherry Travel & Tours






# တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားပုထိုးစေတီများ၌ ကုသိုလ်ပြုကြသူများ စည်ကားများပြား



**ရန်ကုန် နိုဝင်ဘာ ၁၁**
မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရားတော်ကို ဟောကြားတော်မူခဲ့ရာမှ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလ အခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။

သာမညဖလ၏ အဓိပ္ပာယ်မှာ ရဟန်းပြုရခြင်း၏ အကျိုးဟု အဓိပ္ပာယ်ရသည်။ ရဟန်းပြုရခြင်း၏အကျိုးကို ဟောကြားတော်မူသောနေ့ဖြစ်ခြင်းကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သံဃာတော်များနေ့ဟုလည်း ခေါ်ဆိုကြသည်လည်း ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၀ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့အခမ်းအနားများကို ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီးတို့၌ ကျင်းပကြရာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို နံနက် ၄ နာရီတွင် ရင်ပြင်တော် ရာဟုထောင့်အောင်မြေမှ စတင်ကာ ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းများကို ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက စေတီတော်နှင့် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻

တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘိလိယက်အဖွဲ့ ဘိလိယက်၊ စနူကာနှင့် Pool ပြိုင်ပွဲတို့၌ ဝင်ရောက်ယှဉ်ပြိုင်မည်



မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦး လေ့ကျင့်နေစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၁**
မြန်မာဘိလိယက်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက်၊ စနူကာနှင့် Pool ပြိုင်ပွဲတို့၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင်အိုလံပစ်ကော်မတီသည် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဘိလိယက် အားကစားနည်း၌ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာဘိလိယက်အဖွဲ့အနေဖြင့် ပြိုင်ပွဲအမျိုးအစား ကိုးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ❍

# ကိုရီးယားစက်မှုဇုန်နှစ်ခု တည်ဆောက်ရေးလုပ်ငန်းများ စတင် ရန်ကုန်နှင့် ပဲခူးတွင် ဒေါ်လာ သန်း ၁၅၀ ခန့် ရင်းနှီးမြှုပ်နှံ

**ရန်ကုန် နိုဝင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ခန့် ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုရီးယားစက်မှုဇုန် နှစ်ခုအတွက် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးသန့်စင်လွင်က ပြောသည်။

**တည်ဆောက်ရေးလုပ်ငန်းများ စတင်**

အဆိုပါ စက်မှုဇုန်နှစ်ခုအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုချက်ထုတ်ပေးထားပြီးဖြစ်ကာ လက်ရှိတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ကိုရီးယားစက်မှုဇုန် နှစ်ခုအနက် ပဲခူးတိုင်းဒေသကြီး ညောင်အင်းကျေးရွာအုပ်စုရှိ မြေ ၂၀၃ ဒသမ ၆ ဧက ပေါ်တွင် Taekwang Myanmar Development Co., ltd. က အကောင်အထည်ဖော်မည့် စက်မှုဇုန်စီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၈ သန်းဖြစ်ပြီး ကိုရီးယားနိုင်ငံ၏

**စာမျက်နှာ ၂၅ ကော်လံ ၄ သို့** ❂